ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

အဋ္ဌမနေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်**

**( ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၂)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၄.၆၅) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ အဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကော်ရိုင်း၊ ကယား(၉)၊ ကျန်းမာရေး။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းဝင်းမောင်၊ ရှမ်း(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးကျော်စံဦး၊ တပ်မတော်၊ တာဝန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ၎င်းအတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ၎င်းအတိုင်း။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ၎င်းအတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ၎င်းအတိုင်း ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား

လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၂)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၃)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ချင်းပြည်နယ်မှ လက်ဖက်များကို စနစ်တကျ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က ချင်းပြည်နယ်မှ လက်ဖက်များကို စနစ်တကျ ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် နိုင်ငံတော်မှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) မင်းတပ်မြို့နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းကတော့ န.ဝ.တ ခေတ်က ချင်းပြည်နယ်သည် လက်ဖက်ပြည်နယ် ဖြစ်ရမည်ဆိုတဲ့ ဆောင်ပုဒ်နဲ့ ချင်းပြည်နယ်တွင် လက်ဖက် စိုက်ပျိုးခဲ့ကြရာ သုံးပုံတစ်ပုံခန့် အောင်မြင်လျက်ရှိပါတယ်။ ယင်းလက်ဖက်များကို စနစ်တကျ

ထုတ်လုပ်ရောင်းချနိုင်ရန် နိုင်ငံတော်မှ မည်ကဲ့သို့ စီစဉ်ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်ကို နဝတ၊ နအဖ ခေတ်က တာဝန်ရှိနိုင်ငံခေါင်းဆောင်ကြီးများမှ ဝေးလံသီခေါင်၍ ဆင်းရဲနွမ်းပါးမှုနိမ့်ကျပြီး လမ်းပန်း ဆက်သွယ်ရေးခက်ခဲလှတဲ့ ကျွန်တော်တို့ ချင်းပြည်နယ်ကို ရေမြေရာသီဥတုနဲ့ကိုက်ညီတဲ့ လက်ဖက် စိုက်ပျိုးခြင်းဖြင့် ဝင်ငွေရရှိနိုင်ရန် ငွေကြေးအကုန်အကျခံ၍ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်နဲ့ ပင်လောင်းမြို့နယ်များမှ မျိုးစေ့များဝယ်ယူလျက် နှစ်စဉ် စိုက်ပျိုးစေခဲ့ပါတယ်။ မြို့ပေါ်တွင် ဌာနဆိုင်ရာ များ၏ စိုက်ခင်းများ၊ နယ်ဘက်တွင် ကျေးရွာအုပ်စုတိုင်းနှင့် ကျေးရွာအများစုတွင် လက်ဖက်ကို တာဝန် တစ်ရပ်အဖြစ် မစိုက်မနေရ စိုက်ပျိုးစေခဲ့ပါတယ်။

သို့သော် အချို့နှစ်များတွင် မျိုးစေ့မကောင်း၍ အပင်မပေါက်ခြင်း၊ အစိုဓာတ်မရှိသည့် နေရာတွင် စိုက်ပျိုးပြီး ပထမနှစ်တွင် ရေမလောင်းနိုင်ခြင်း၊ ဆောင်းရာသီတွင် နှင်းခဲဒဏ် မခံရရန် အမိုးမိုးပေးခြင်းများကို ပြည်သူများမှ အကုန်အကျခံ မဆောင်ရွက်နိုင်ခြင်းတို့ကြောင့် အပင်များ အသေအပျောက် များလှပါတယ်။ သို့သော် ဆယ့်နှစ်ရာသီ အစိုဓာတ်ရှိသည့်နေရာဒေသများတွင် (၇၀) ရာခိုင်နှုန်း၊ (၆၀)ရာခိုင်နှုန်းအထိ ရှင်သန်ပြီး အပင်စတင်စိုက်ပျိုးသည့် ပထမနှစ်တွင် ဧပြီလအလယ်၌ သင့်တင့်မိုးရွာခြင်း၊ မိုးဦးစော၍ မေလဆန်းတွင် မိုးရွာသည့်နှစ်များတွင် အပင်များရှင်သန်မှု ရာခိုင်နှုန်း ကောင်းခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ချင်းပြည်နယ်မြောက်ပိုင်းတွင် တီးတိန်မြို့နယ်၌ အောင်မြင်ဖြစ်ထွန်းမှုအကောင်းဆုံးနဲ့ ချင်းပြည်နယ်တောင်ပိုင်းတွင် မင်းတပ်မြို့နယ်၌ အအောင်မြင်ဆုံး ဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်မှာ ပုဂ္ဂလိကတစ်ဦးတည်းပိုင် ဆယ်ဧက၊ ငါးဧက၊ သုံးဧက စသည်ဖြင့် အသီးသီး ရှိကြပါတယ်။ မြို့ပေါ်နှင့် ကျေးရွာတိုင်းမှာ အိမ်တိုင်းလိုလို လက်ဖက်ပင် အပင် တစ်ရာ၊ နှစ်ရာ၊ သုံးရာ၊ ငါးရာ၊ တစ်ထောင် စသည်ဖြင့် အိမ်တိုင်းလိုလို ရှိပါတယ်။ ချင်းပြည်နယ် တစ်ခုလုံး ခြုံကြည့်မယ် ဆိုရင် စိုက်ပျိုးခဲ့တဲ့ ရာခိုင်နှုန်းရဲ့ သုံးပုံတစ်ပုံလောက် အောင်မြင်လျက် ရှိပါတယ်။ သို့သော် ဈေးကွက် မရှိတဲ့အတွက် လက်ဖက်ပင်များကို ဆက်လက်ပြုစု၍ရောင်းချရန် စိတ်ဝင်စားမှု အားနည်းနေပါတယ်။ ဒါကြောင့် ရှမ်းပြည်နယ်ရှိ လက်ဖက်ထွက်တဲ့ ဒေသများမှာ၊ ကျေးရွာတစ်ရွာမှာ လက်ဖက်အစို အဝယ်ဒိုင် မြောက်များစွာရှိတာကို လေ့လာသိရှိရပါတယ်။ လက်ဖက်အစိုကို ခူးပြီး သွားရောက်ရောင်းချမယ့် အဝယ်ဒိုင်တွေ ရှိဖို့လိုအပ်ပါတယ်။ တောင်သူများ မိမိလက်ဖက်ပင်မှ အပတ်စဉ်၊ လစဉ် ဝင်ငွေရရှိနေကြ ပါက စိတ်ဝင်စားပြီး တိုးချဲ့စိုက်ပျိုးလာကြမှာလည်း ဖြစ်ပါတယ်။

ချင်းပြည်နယ်မှာ ဈေးကွက်ရှိတဲ့ဖျံဥကို ကျေးရွာအရောက် ဝယ်ယူကြသောကြောင့် စိုက်ပျိုးသူ များပြားလာပြီး မိသားစုဝင်ငွေ ကောင်းလာပါတယ်။ ဒါကြောင့် ချင်းပြည်နယ်ရှိ လက်ဖက်စိုများကို ဝယ်ယူပေးမယ့် လက်ဖက်ကုန်သည်ကြီးများကို စည်းရုံးပေးပြီး မြို့နယ်များတွင် အဝယ်ဒိုင်များ ဖွင့်လှစ် ပေးပါက ချင်းပြည်နယ်မှ ပြည်သူများ လက်ဖက်နှင့် ဝင်ငွေရရှိလာကြမှာ ဖြစ်တဲ့အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ပြည်နယ်အစိုးရနှင့် တိုင်ပင်ညှိနှိုင်းပြီး အဝယ်ဒိုင်များနှင့် ဈေးကွက် ဖန်တီးပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် ချင်းပြည်နယ်ရှိ လက်ဖက်တောင်သူများကိုယ်စား လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာပွင့်ဆန်း (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း ဖြစ်ပါတယ်။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ၏ မေးခွန်းနဲ့စပ်လျဉ်း၍ ဖြေကြားရရင် နိုင်ငံတော်အစိုးရအနေနဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်ပေးလျက်ရှိရာမှာ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများ၊ ကုန်သည်ပွဲစား လုပ်ငန်းရှင်များ၊ ပြည်ပတင်ပို့သူများကို လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်စေခြင်း၊ ပြည်တွင်းပြည်ပသို့ လယ်ယာထွက်ကုန် သီးနှံများ လွတ်လပ်စွာ ရောင်းဝယ်တင်ပို့ခြင်းများကို ခွင့်ပြုပေးလျက် ရှိပါတယ်။

လယ်ယာထွက်သီးနှံများရဲ့ ဈေးနှုန်းများနဲ့ပတ်သက်၍ ထိန်းချုပ်ခြင်း၊ ကန့်သတ်ခြင်း မပြုဘဲနဲ့ ရောင်းလိုအား နဲ့ ဝယ်လိုအားတို့အရ ဈေးကွက်မှာ ဖြစ်ပေါ်နေတဲ့ ပေါက်ဈေးနှုန်းများအတိုင်း လည်း ရောင်းဝယ်ခွင့်ပြုထားပြီးဖြစ်ပါတယ်။ လယ်ယာထွက်သီးနှံဖြစ်စေ၊ အခြားမည်သည့် ကုန်စည်ဖြစ်စေ၊ ရောင်းလိုအားနဲ့အတူဝယ်လိုအားရှိမှသာ ကုန်စည်ဒိုင်ဈေးကွက်ကြီးများ ပေါ်ပေါက်လာမှာဖြစ်သလို ကုန်စည်ဒိုင်ဈေးကွက်ကြီးများ ပေါ်ပေါက်ရန်အတွက်လည်း လမ်းခရီး အကွာအဝေး၊ ခရီးလမ်းကောင်းမွန်မှု ရှိ/မရှိ နဲ့ သယ်ယူရန် လွယ်ကူမှုများ လိုအပ်မှာဖြစ်ပါတယ်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်မှု အဆင်ပြေ ချောမွေ့ပြီး လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု အများဆုံးဖြစ်တဲ့ ရှမ်းပြည်နယ်က ထွက်တဲ့ လက်ဖက်များအနေနဲ့ ပြည်တွင်းမှာရှိတဲ့ ဒေသအားလုံးကို ရောက်ရှိပျံ့နှံ့ပြီး ရောင်းဝယ်ဖောက်ကားမှုများ ပြုလုပ်နိုင်နေပြီ ဖြစ်ပါတယ်။

ကုန်ပစ္စည်းများ ထွက်ရှိတဲ့နေရာသို့ ကုန်သည်လုပ်ငန်းရှင်များမှ ဝယ်လိုအား ကောင်းနေပါ က လာရောက်ဝယ်ယူမှာဖြစ်သလို ဒေသတွင်းမှာရှိတဲ့တောင်သူများ၊ ဒေသခံကုန်သည်ပွဲစားများမှ လည်း မိမိတို့ကုန်စည်များဈေးကွက်ရရှိရန်အတွက်ချိတ်ဆက်ဆောင်ရွက်နိုင်စွမ်းရှိရန် လိုအပ်မှာဖြစ်တဲ့ အပြင် ပြည်တွင်း၊ ပြည်ပ ဈေးကွက်မှ ကြိုက်နှစ်သက်တဲ့ကုန်စည်များ ဖြစ်ရန်ထုတ်လုပ်ခြင်း၊ ပြုပြင် မွမ်းမံခြင်း၊ ထုပ်ပိုးခြင်းများ ပြုလုပ်နိုင်ရန် အစုအဖွဲ့များ၊ ဇုန်များ၊ ကုန်စည်ဒိုင်များ၊ ကုမ္ပဏီများ၊ အထူးပြုကုမ္ပဏီများ ဖြစ်ပေါ်လာစေရေးအတွက် ဒေသမှာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များမှ ဝိုင်းဝန်းကူညီအားပေး ဆောင်ရွက်ပေး ကြရန် လိုအပ်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ လက်ဖက်စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လက်ဖက်စိုက်တောင်သူများ၊ ထုတ်လုပ်သူများ၊ ကုန်သည်ပွဲစားများ စုံစုံညီညီ စုစုစည်းစည်း ပါဝင်တဲ့မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ဗဟိုကို ၂၀၁၃ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှာ ဖွဲ့စည်းခဲ့ပြီးဖြစ်ပါတယ်။ အလားတူလက်ဖက်စိုက်ပျိုးထုတ်လုပ်တဲ့ အသင်းများအနေဖြင့် ကျောက်မဲ လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအသင်း၊ ပလောင်လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် တာရှေ့ထန်လက်ဖက်စိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှလည်း ဒေသအလိုက်ဖွဲ့စည်းပြီး တက်တက်ကြွကြွဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှ လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့ဗဟိုနဲ့ ဂျာမဏီနိုင်ငံမှ GIZ အဖွဲ့အစည်းတို့ ပူးပေါင်း၍ ရှမ်းပြည်နယ်အတွင်းရှိ ဒေသအချို့တွင် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု နည်းပညာပေးမှုများ ဆောင်ရွက်လျက်ရှိတဲ့အပြင် ခေတ်မီလက်ဖက်ခြောက်စက်ရုံများ တည်ဆောက်ပြီး လက်ဖက်စိုက်ပျိုးတဲ့ တောင်သူများ ဝင်ငွေတိုးတက်ရရှိစေရေးအတွက် ဆောင်ရွက်ပေးလျက် ရှိပါတယ်။

ထို့အတူချင်းပြည်နယ်မှာလည်း ၎င်းကဲ့သို့အစုအဖွဲ့များဖွဲ့စည်းခြင်း၊ နိုင်ငံခြားမှ အကူအညီပေးအဖွဲ့အစည်းများနဲ့ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ရန်တို့ကိုလည်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ စီစဉ်ပေးမှာဖြစ်ပါတယ်။ ပြည်တွင်းလက်ဖက်ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများ အစုအဖွဲ့နဲ့ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့မှ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ ကြိုးစားဆောင်ရွက်လျက်ရှိရာ ချင်းပြည်နယ်ရှိလက်ဖက်စိုက်ပျိုးတဲ့ဒေသများမှာ လက်ဖက်ဈေးကွက်များ ဖြစ်ပေါ်လာမှာဖြစ်သလို ပုံမှန်ဈေးကွက်အနေအထားသို့ ရောက်ရှိနိုင်ရေးအတွက်လည်း သက်ဆိုင်ရာဒေသအာဏာပိုင်များ၊ ဒေသခံကုန်သည်လုပ်ငန်းရှင်များမှ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မှာ ဖြစ်ပါတယ်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ချင်းပြည်နယ်မှာ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးရုံးကို ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလမှာစတင်ဖွင့်လှစ်ခဲ့ပြီးတော့ လက်ဖက်လုပ်ငန်းရှင်များအနေနဲ့ လက်ဖက်အစုအဖွဲ့များ စနစ်တကျဖွဲ့စည်းနိုင်ရေးဆောင်ရွက်ခြင်း၊ မြန်မာနိုင်ငံသစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်သူများ ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံလက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအစုအဖွဲ့ဗဟိုတို့နှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့နှင့် ချိတ်ဆက်၍လိုအပ်သော အကူအညီများပေးနိုင်ရန်အတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားရမည့်မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မြောက်ဦးမြို့နယ်၊ စင်းဘောကိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က မြောက်ဦးမြို့နယ်၊ စင်းဘောကိုင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို မေးမြန်းရတဲ့ အကြောင်းကို အနည်းငယ်ရှင်းပြပေးပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာ မြောက်ဦးမြို့နယ်၊ စင်းဘောကိုင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်မပြ မေးခွန်း မေးမြန်းခဲ့ပါတယ်။

၂၀၁၄-၂၀၁၅ပညာသင်နှစ်မှာ အဆင့်တိုးမြှင့်ပေးရန် လျာထားဆောင်ရွက်ထားရှိပါကြောင်း စာဖြင့် ဖြေကြားထားခဲ့ပါတယ်။ ဒီအဖြေကို ကျေးရွာသို့ အသိပေးထားခဲ့ပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ကျောင်းဖွင့်ချိန် ဇွန်လရောက်လာပါတယ်။ ဇွန်လသာ ကုန်ဆုံးသွားပါတယ်။ အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့် မရရှိခဲ့ပါဘူး။ ရွာမှ တာဝန်ရှိသူတွေက ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးမှာ သွားမေးပါတယ်။ အဲဒီက မပါသေးဘူးလို့ ဖြေလိုက်ပါတယ်။ အဲဒီရွာသားတွေက ကျောင်းအကျိုးတော် ဆောင်တွေ ကျွန်တော်ထံ လာပြီးတော့မှ ဘာဖြစ်လို့ မပါသေးတာလဲလို့ မေးကြ ပြောကြပါတယ်။ ကျွန်တော်က လွှတ်တော် တက်တဲ့အခါ ပညာရေးဝန်ကြီးနဲ့တွေ့ရင် မေးပေးပါမယ်လို့ ပြောပြလိုက်ပါတယ်။

ပထမအကြိမ်အမျိုးသားလွှတ်တော်ဒသမအကြိမ် ပုံမှန်အစည်းအဝေး ကာလအတွင်းမှာ ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဒုတိယဝန်ကြီး လွှတ်တော်ကိုလာတဲ့အခါ ကျွန်တော်က အလွတ်သဘောမျိုး အကျိုးအကြောင်း ပြောပြပြီး မေးကြည့်ပါတယ်။ ဒုတိယဝန်ကြီးက ကျောင်းအဆင့်တိုးမြှင့်ရေးကိစ္စကို အရင်လိုတစ်နှစ်ကို တစ်ကြိမ်တည်းလုပ်မှာမဟုတ်ဘူး။ နှစ်ကြိမ်၊ သုံးကြိမ်အထိ လုပ်သွားမှာပါ။ ဒီတစ်ခေါက် မပါလိုက်ရင် နောက်တစ်ခေါက်ပါမှာပါ။ ကျေးဇူးပြုလို့ သူတို့ကို ခဏလောက် သည်းညည်းခံပြီး စောင့်ပေးပါလို့ ပြောပေးပါဆိုပြီး ဒီဝန်ကြီးက ကျွန်တော့်ကို ပြောပါတယ်။ ဒါကို ကျွန်တော် ပြန်ရောက်တဲ့အခါ ပြောပြပါတယ်။ ဟုတ်ပါတယ်။ သူတို့ကတော့ ကျောင်းအဆင့် တိုးမြှင့်ရရှိဖို့အတွက် မျှော်လင့်ချက်အပြည့်နဲ့ စိတ်ရှည်ရှည်ထားပြီး စောင့်မျှော်နေကြပါတယ်။ သူတို့က မရရှိမှာကိုဘဲ စိုးရိမ်နေကြပါတယ်။ ကျွန်တော်ကတော့ အချိန်မနှောင်းမီ ရှင်းရှင်းလင်းလင်း သိအောင်ဆိုပြီး လွန်ခဲ့တဲ့ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှာ ဒီမေးခွန်းကို ကြယ်ပွင့်ပြမေးခွန်းအဖြစ် တင်သွင်းမေးမြန်းထားတာ ဖြစ်ပါတယ်။

ဒါကြောင့် မြောက်ဦးမြို့နယ်၊ စင်းဘောကိုင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဖြစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်မှာအဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**လက်ပံတန်းမြို့နယ်၊ ကွမ်းသီးတစ်ပင်ကျေးရွာရှိ ဥပဓိရုပ်မကောင်းတော့သော အခြေခံပညာမူလတန်းကျောင်းဆောင်ဟောင်းအစား ကျောင်းဆောင်အသစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးမြင့်ထွန်း က လက်ပံတန်းမြို့နယ်၊ ကွမ်းသီးတစ်ပင်ကျေးရွာရှိ ဥပဓိရုပ်မကောင်းတော့သော အခြေခံပညာမူလတန်းကျောင်းဆောင်ဟောင်းအစား ကျောင်းဆောင်အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးမြင့်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပညာရေး ဒုတိယဝန်ကြီး အပါအဝင် ကိုယ်စားလှယ်တော်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)က ဦးမြင့်ထွန်း အနေနဲ့ အခုတင်ပြမယ့် လက်ပံတန်းမြို့နယ်၊ အစိုးရမူလတန်းကျောင်း၊ ကွမ်းသီးတစ်ပင် သစ်သားကျောင်းလေးဟာ တော်တော်လေးဆွေးမြေ့နေလို့ ဒီမေးခွန်းလေး မေးခွင့်ပြုတဲ့ ဥက္ကဋ္ဌကြီးကို တော်တော်လေး ကျေးဇူးတင်ပါတယ်။ အစီအစဉ်ရှိပါတယ်၊ လုပ်ပေးပါမယ်လို့ ဒုဝန်ကြီး က ပြောမယ်ဆိုရင်လည်း အတိုင်းထက်အလွန်ပဲ ကျေးဇူးတင်ပါတယ်လို့ ပြောလိုပါတယ်။ ကျေးရွာလူထုကိုယ်စား ပြောရတာ ဖြစ်ပါတယ်။ ကျွန်တော် တက်ကြည့်တော့ ကျောင်းဟာ တချို့နေရာမှာ ကြမ်းခင်းလေးတွေ၊ အကာလေးတွေပါ တော်တော်လေး ပျက်စီးနေပါတယ်။ ပလပ်စတစ်နဲ့ကာထားတာတွေ၊ ဒေါက်ထောက်ထားတာတွေ ဒါ ကျွန်တော်ပုံနဲ့လည်း တင်ပြမှာဖြစ်ပါတယ်။

ဟိုတစ်နှစ်က ပဲခူးတိုင်းဇေယျဝတီဘက်က စာသင်ကျောင်းတစ်ကျောင်းမှာ ပြိုကျလို့ ကျွန်တော်တို့ စိုးရိမ်စရာလေးတွေလည်း ရှိပါတယ်။ ကျွန်တော် Power Point နဲ့ တင်ပြခွင့်ပြုပါ။ ဒါတွေကတော့ ကျွန်တော်တို့ကျောင်းရဲ့နံရံတွေမှာ သစ်သားတွေဆွေးပြီး ပြုတ်ကျနေတာ ဖြစ်ပါတယ်။ ဒါကတော့ ကျောင်းသားတွေ တချို့နေရာမှာ သေချာကြည့်လိုက်ရင် ပြတင်းပေါက်၊ အကာ၊ ပလပ်စတစ်တွေနဲ့ ကာထားတာ ဖြစ်ပါတယ်။ အလားတူပါပဲ၊ ဒါလည်း ကာထားတာတွေ ကျွန်တော်တို့ တွေ့ရပါတယ်။ ဒါ အကောင်းဆုံး နေရာလေး ကျွန်တော် ရိုက်ကြည့်တာတောင်မှ ဒါ ပြတင်းပေါက်ဘေးမှာ ဆွေးမြည့်ပြီး ပေါက်ပြဲနေတာ တွေလည်း တွေ့ရပါတယ်။ တိုင်ပေ့ါ၊ ဒါ အခင်းတွေ မကောင်းလို့ အောက်က သစ်သားတုံးတွေနဲ့ ဒါ ထောက်ထားတာတွေ ဖြစ်ပါတယ်။ အဲဒီတော့ ဒီကျောင်းလေးဟာ ၁၉၇၄ ခုနှစ်ကတည်းက နေပြီးတော့ ရွာနဲ့ ဝန်ကြီးဌာနနဲ့ ပေါင်းပြီးတော့မှ ဒါဆောက်ထားတာပါ။ အခုဆိုရင် နှစ်(၄၀)ကျော်သွားပါပြီ။ လက်ပံတန်းနဲ့ (၂၅)မိုင်ဝေးပါတယ်။ ဒီ ကျောင်းလေးအပေါ်ကို မှီခိုနေတာ ရွာ(၅)ရွာ၊ အိမ်ခြေ(၃၀၀) ဖြစ်ပါတယ်။ အဲဒီတော့ ကျောင်းသား (၁၂၂)ယောက်ဟာ ဒီ ပေ(၉၀)၊ (၃၀)ကျောင်းဆောင်မှာ သင်နေရတော့ ကြပ်တည်းပါတယ်။ တစ်ထပ်အုတ်ဆောင် ဆောက်ပေးမယ်ဆိုရင် ထွက်လာမယ့်

ဆယ်တင်ပစ္စည်း တန်ဖိုးနဲ့ ရွာက ထည့်ဝင်မယ့် ကျပ်(၁၀)သိန်းနဲ့ ထပ်ဆောင်းပြီးတော့ ဆောက်လိုက်ရင်တော့ ခန့်မှန်း(၄၇၆)သိန်းလောက် ကုန်ကျမယ်လို့ တွက်ချက်ခဲ့ပြီးတော့ လုပ်ထုံးလုပ်နည်းနဲ့အညီ အထက်ဌာနအဆင့်ဆင့်ကိုလည်း ဒါ တင်ပြထားပြီးလည်း ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ မေးလိုတာက တိုင်ခြေတွေလည်း ပြတ်၊ ဆင့်၊ ယက်မတွေလည်း ဆွေး၊ အခင်းအကာလည်း မကောင်းတော့တဲ့ ဒီကျောင်းလေးကို အန္တရာယ် မဖြစ်ခင်မှာ ဖျက်ပြီးတော့ တစ်ထပ်သွပ်မိုးအုတ်ကျောင်းဆောင် အသစ်တစ်ဆောင် ဘယ်အချိန်လောက်မှာများ အမြန်ဆောက်ပေးနိုင်မှာလဲလို့ မေးမြန်းလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ကျောင်း၏ ပြတင်းပေါက်၊ အကာ၊ ပလပ်စတစ်များဖြင့် ကာထားသော မြင်ကွင်းပုံ (၉)




ကျောင်း၏ ပြတင်းပေါက်ဘေးတွင် ဆွေးမြည့်ပြီး ပေါက်ပြဲနေတာ မြင်ကွင်းပုံ (၉-၁)



အခင်းများ မကောင်းသဖြင့် အောက်မှ သစ်သားတိုးများဖြင့် ထောက်ထားသော မြင်ကွင်းပုံ (၉-၂)




**လှိုင်ဘွဲ့ကော်မြို့နယ်၊ ထေးသမ အခြေခံပညာမူလတန်းကျောင်းရှိ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသော ပျဉ်ကာမြေစိုက်ကျောင်းဆောင်ကို (၆၀ x ၃၀)ပေ (RC) စံကိုက် ကျောင်းဆောင်အဖြစ် အသစ် ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဒွေးရယ် က လှိုင်ဘွဲ့ကော်မြို့နယ်၊ ထေးသမ အခြေခံပညာမူလတန်းကျောင်းရှိ ကိုယ်ထူကိုယ်ထ တည်ဆောက်ထား သော ပျဉ်ကာမြေစိုက်ကျောင်းဆောင်ကို (၆၀ x ၃၀)ပေ (RC) စံကိုက်ကျောင်းဆောင်အဖြစ် အသစ် ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဦးဒွေးရယ်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မဲဆန္ဒနယ်အမှတ်(၇)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဒွေးရယ် ဖြစ်ပါတယ်။ ကျွန်တော်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကယားပြည်နယ်၊ လှိုင်ဘွဲ့ကော်မြို့နယ်၊ ထေးသမ အခြေခံ မူလတန်းကျောင်းမှာရှိတဲ့ မိဘ ကိုယ်ထူကိုယ်ထစနစ်နဲ့ တည်ဆောက်ထားတဲ့ ပျဉ်ကာမြေစိုက် ကျောင်းဆောင်ကို စံကိုက် RC ကျောင်းဆောင်အဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လှိုင်ကော်မြို့နယ်၊ ထေးသမ ရွာအခြေခံမူလတန်းကျောင်းဟာ လှိုင်ကော်နဲ့ (၁)မိုင်ခန့်လောက်ပဲ ဝေးတာဖြစ်ပါတယ်။ အိမ်ခြေပေါင်း (၄၃၂)အိမ်၊ အိမ်ထောင်စုပေါင်း (၄၄၇)စု၊ လူဦးရေပေါင်း (၂၂၀၂)ဦး နေထိုင်တဲ့ ရွာတစ်ရွာဖြစ်ပါတယ်။ အဲဒီမှာရှိတဲ့ အဲဒီရွာက ကလေး တွေဟာ၊ ကျောင်းသူ/ကျောင်းသားလေးတွေဟာ ဒီ ကျောင်းကိုပဲအားထားပြီးတော့ တက်ရတာ ဖြစ်ပါတယ်။ ထေးသမရွာ အခြေခံမူလတန်းကျောင်းက မွေးထုတ်ပေးလိုက်တဲ့ ကလေးများဟာ (၁၀)တန်းအောင် ဘွဲ့ရပြီး ဌာနဆိုင်ရာ အသီးသီးမှာ အလုပ်ဝင်ရောက်နေကြတာ အများအပြားရှိပါတယ်။

သို့သော်လည်းပဲ ဒီ ကျောင်းဆောင်ရဲ့ အဆောက်အအုံဟာ ယခင် ဆိုရှယ်လစ်အစိုးရခေတ်က ပေးထားတဲ့ အဆောင်တစ်ဆောင် ပျဉ်ကာ ပျဉ်ခင်း အဆောင်တစ်ဆောင်ဟာလည်းပဲ ကာလကြာမြင့်ပြီဖြစ်တဲ့ အတွက်ကြောင့်မို့လို့ ကြံ့ခိုင်မှုအားနည်းနေပြီ ဖြစ်ပါတယ်။ အခု အစိုးရသစ်လက်ထက်မှာ ပညာရေးဝန်ကြီးဌာနကနေ ချမှတ်ပေးထားတဲ့ ကျောင်းဆောင်ဟူ၍ မရှိသေးဘဲ မိဘ၊ ဆရာ ပူးပေါင်းပြီးတော့ ကိုယ်ထူကိုယ်ထစနစ်နဲ့ တည်ဆောက်ထားတဲ့ အဆောက်အအုံနဲ့ အရင် ပြည်ခိုင်ဖြိုးအသင်းရဲ့ ထောက်ပံ့ မှု၊ မိဘ၊ ဆရာများရဲ့ လုပ်အားစိုက်ထုတ်မှုနဲ့ တည်ဆောက်ထားတဲ့ ကျောင်းဆောင်များသာ ရှိနေပါသေးတယ်။ ပတ်ဝန်းကျင်ကျေးရွာမှာ အသီးသီးရရှိနေကြပြီးတော့ ဒီ အစိုးရသစ်လက်ထက်မှာ မရကြတဲ့ အခါကျတော့ မိဘများက ကျွန်တော်တို့က မြို့နဲ့ တအားနီးနေပါတယ်။ အဲဒါကို ခုထိကျောင်းက မရသေးဘူး၊ ဘာကြောင့်လဲဆိုပြီးတော့ မေးလာတဲ့ အနေအထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point များဖြင့် ပြသခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ် ခင်ဗျား။ ဟောဒီ ကျောင်းကတော့ ကျောင်းရဲ့ မှတ်တမ်းပုံအရ ကျွန်တော်တို့ ၁၉၇၉ ခုနှစ်မှာ တည်ဆောက် ထားတဲ့ မြေစိုက် တစ်ထပ်ကျောင်းဆောင် အင်ဖက်မိုး၊ ဝါးထရံကာ အဆင့်လေး ဖြစ်ပါတယ်ခင်ဗျား။ ဒီ ကျောင်းဆောင်ကတော့ ကျွန်တော်တို့ ၂၀၁၁ ခုနှစ်မှာ ပြည်ခိုင်ဖြိုးအသင်းကနေ ထောက်ပံ့ပေးလိုက်တဲ့ ငွေကြေးထဲကနေ ကျွန်တော်တို့ ကျောင်းဆောင်သစ် တစ်ဆောင်ရယ်၊ ဟောဒီမှာ ပိုလျှံတဲ့ ငွေလေးနဲ့ ကျွန်တော်တို့ မိဘတွေရဲ့ စိုက်ထုတ်အားလေးနဲ့ ကျွန်တော်တို့ တည်ဆောက်ထားတဲ့ ကျောင်းဆောင်လေး ဖြစ်ပါတယ်။ ဒီကျောင်းဆောင်ဟာဆိုရင် ကျွန်တော်တို့ စံချိန်စံညွှန်းမီ တည်ဆောက်ထားတာမျိုး မဟုတ်ဘဲနဲ့ ကျွန်တော်တို့ အဟောင်းကို ပြန်လည် ပြင်ရတဲ့အတွက်ကြောင့်မို့လို့ ကျောင်းဟာ အခန်း လည်းပဲ ကျဉ်းပါတယ်။ နောက်ပြီးတော့ ဒီ တံစက်မြိတ်တွေဟာ တိုနေတဲ့အတွက်ကြောင့်မို့လို့ မိုးရေပက် နိုင်တဲ့ အနေအထားလည်း ရှိပါတယ်။ ဒါကို မိုးရေဆွေးမြည့်မှု မရှိအောင်ဆိုပြီးတော့ ကျွန်တော်တို့က ရေနံချေးနဲ့ စက်ဆီအဟောင်းလေးတွေကို ရောပြီးတော့ မဲမှောင်နေအောင် သုတ်ထားတဲ့ အနေအထား ဖြစ်ပါတယ်။

ဒီ ပြုပြင်ထားတဲ့ အဆောင်ဟာ ခုနပြောသလို စံချိန်စံညွှန်းမီအောင် တည်ဆောက်ထားတာ မဟုတ်တဲ့အပြင် ကျွန်တော်တို့ ဒီ ပြုပြင်ပြီးတဲ့ အဆောင်ကို နောက်တစ်ခါ ထပ်ပြုပြင်မယ်ဆိုရင်လည်းပဲ မဖြစ်နိုင်တော့ဘူး။ နောက်ပြီးတော့ ဒီကျောင်းရဲ့ ဧရိယာဟာ အတော်လေး ကျယ်ဝန်းတဲ့ အနေအထားရှိပါတယ်။ အဲဒီတော့ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် မြေအနေအထားလည်း အလုံအလောက်ရှိနေတဲ့ အတွက် ဒီ ကျောင်းဆောင်သစ် ရရှိဖို့အတွက်ကို ပေ (၆၀ × ၃၀)ပေ (RC) ကျောင်းဆောင်တစ်ဆောင် ထပ်မံ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်တဲ့ မေးခွန်းလေးကို မိဘပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

မြေစိုက် တစ်ထပ်ကျောင်းဆောင် အင်ဖက်မိုး၊ ဝါးထရံကာ တည်ဆောက်ထားသော မြင်ကွင်းပုံ (၈)




အသစ်တည်ဆောက်ထားသော ကျောင်းလေး၏ မြင်ကွင်းပုံ (၈-၁)



အသစ်တည်ဆောက်ထားသော ကျောင်းလေး၏ မြင်ကွင်းပုံ (ဈ-၂)




**ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်းကျောင်းဆရာ/ဆရာမများ၏ တိုင်းကျော်၊ တိုင်းတွင်း၊ ခရိုင်ကျော်၊ ခရိုင်တွင်း၊ မြို့နယ်ကျော်၊ မြို့နယ်တွင်း အလုပ်နေရာ ပြောင်းရွှေ့ခြင်း တို့ကို ဝန်ကြီးဌာနက မည်သို့ကိုင်တွယ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးထွန်းဇော်(ခ) ကိုပေါက် က ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာဦးစီးဌာနတွင် ဝန်ထမ်းကျောင်းဆရာ/ ဆရာမ များ၏ တိုင်းကျော်၊ တိုင်းတွင်း၊ ခရိုင်ကျော်၊ ခရိုင်တွင်း၊ မြို့နယ်ကျော်၊ မြို့နယ်တွင်း အလုပ်နေရာ ပြောင်းရွှေ့ခြင်းတို့ကို ဝန်ကြီးဌာနက မည်သို့ကိုင်တွယ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးထွန်းဇော်(ခ)ကိုပေါက်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တကွ ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဂါရဝပြုနှုတ်ဆက်ပါတယ်။ ဒီ မေးခွန်းနဲ့ ပတ်သက်ပြီး ကျွန်တော်တင်ပြရရင် တစ်နိုင်ငံလုံးမှာရှိတဲ့ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန အောက်မှာရှိတဲ့ ဝန်ထမ်း ဆရာ/ဆရာမတွေ အပြောင်းအရွှေ့ကိစ္စကို အများအတွက် တင်ပြမေးမြန်းရတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥပမာ ပေးရရင်ဖြင့် ကျွန်တော်တို့ အစိုးရဝန်ထမ်း၊ အိမ်ထောင်သည် အစိုးရဝန်ထမ်း နှစ်ဦး ဖြစ်ပါတယ်။ တစ်ဦးကတော့ ဥပမာအားဖြင့် ကာကွယ်ရေးက ဖြစ်ပြီး၊ တစ်ဦးကတော့ ပညာရေးက ပေါ့၊ ကာကွယ်ရေးက လင်ယောကျ်ားဖြစ်သူ ပြောင်းသွားတော့ ကျန်ခဲ့တဲ့ ပညာရေးဝန်ထမ်း အိမ်ထောင်သည် အမျိုးသမီး ကျန်ခဲ့ပါတယ်။ အဲဒါတွေကို အမြန်ဆုံး လိုက်ပါပြီး ရွှေ့ပြောင်းနိုင်ဖို့ အစီအစဥ်ရယ်၊ နောက်ပြီး တော့ ကျွန်တော်တို့ မြို့နယ်အတွင်းမှာရှိတဲ့ ကျောင်းအုပ်တွေ၊ မူလတန်းကျောင်းအုပ်တွေပါ။ မူလတန်း ကျောင်းအုပ်တွေကို ကျွန်တော်တို့ ပြောင်းရွှေ့ရာမှာ ဘက်လိုက်မှုများ ရှိပါတယ်။ အဲဒီတော့ ဘက်လိုက်မှု မရှိအောင် မည်သို့မည်ပုံ ပညာရေးဝန်ကြီးဌာနက ကိုင်တွယ်လုပ်ဆောင်ပေးတာကိုလည်း သိရှိချင် ပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ မြို့နယ်အတွင်းမှာရှိတဲ့ မူလတန်းပြ ဆရာ/ဆရာမတွေပါ။ အဲဒီ ဆရာ/ဆရာမတွေကိုလည်းပဲ ဘက်လိုက်မှုမရှိဘဲ၊ ပွင့်လင်းမြင်သာမှုရှိတဲ့ အပြောင်းအရွှေ့ကို ဝန်ကြီးဌာန အနေနဲ့ ဘယ်သို့ဘယ်ပုံ ကိုင်တွယ်ဆောင်ရွက်နေသည်ကို သိရှိလို၍ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၈။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်တော်က ဦးစွာပထမ ဂါရဝပြု ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဒေါက်တာဇော်မင်းအောင် က ပညာရေးဝန်ကြီးဌာနနဲ့ပတ်သက်တဲ့ မေးခွန်းများကို မေးထားတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် တော်ကြီး (၄)ဦးရဲ့ မေးခွန်းများကို ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ရခိုင်ပြည်နယ် အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်ကျော် ရဲ့ မြောက်ဦးမြို့နယ်၊ စင်းဘောကိုင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲကို အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် အဆင့်တိုးမြှင့်ပေးရန် အစီ အစဥ် ရှိ/မရှိနဲ့ စပ်လျဥ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားပေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ အနေနဲ့ကတော့ ကျောင်းသား များ ကျောင်းနေမြင့်နှုန်း၊ ကျောင်းထွက်နှုန်းတွေ လျော့ဖို့အတွက်ကို ပညာသင်ထောက်ပံ့ကြေးများ အပါအဝင် ကျောင်းအဆင့်တိုးခြင်း လုပ်ငန်းများကိုလည်း ကျွန်တော်တို့ ဦးစားပေး ဆောင်ရွက်လျက် ရှိတာ ဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်တဲ့နေရာမှာ ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်အတွင်းမှာ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ပညာသင်နှစ်အတွင်းမှာ ကျွန်တော်တို့ အခြေခံပညာ အထက်တန်းကျောင်း(၄) ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်းခွဲ(၅)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(၉) ကျောင်း၊

အခြေခံပညာ အလယ်တန်းကျောင်းခွဲ(၁၃)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း (၃၁) ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း (၁၉၆)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်းခွဲ (၁၀) ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၂၆၈)ကျောင်းကို ဖွင့်လှစ်ခွင့်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်လို့ ဒီ နေရာမှာ တင်ပြလိုပါတယ်။

မြောက်ဦးမြို့နယ်၊ စင်းဘောကိုင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲမှာ ကျောင်းသား အရေအတွက်ကို စိစစ်ကြည့်လိုက်တဲ့ အခါကျတော့ ပဉ္စမတန်းမှာ (၁၁၈)ဦး၊ ဆဋ္ဌမတန်းမှာ (၆၈)ဦး၊ သတ္တမတန်းမှာ (၆၆)ဦး၊ အဋ္ဌမတန်း (၃၆)ဦး၊ စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား (၂၈၈)ဦး ရှိကြောင်းလည်း ဒါ စိစစ်တွေ့ရှိရပါတယ်။ အဲဒီတော့ ပညာရေးဝန်ကြီးဌာန အနေနဲ့ကတော့ တစ်နိုင်ငံလုံးကို လွှမ်းခြုံပြီး အားလုံးကို စိစစ်ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် အားလုံးကို သတ်မှတ်ချက် မူများ ချမှတ်ပြီးတော့ ဆောင်ရွက်ရတာ ရှိပါတယ်။ အဲဒီတော့ ပညာရေးဝန်ကြီးဌာနရဲ့ ကျောင်းအဆင့် တိုးမြှင့်ပေးတဲ့ သတ်မှတ်ချက် မူတွေကတော့ ဥပမာ ကျောင်းသားဦးရေ ပြည့်မီခြင်း ရှိ/မရှိ၊ ကျောင်းအဆောက်အအုံ၊ ပရိဘောဂ ပြည့်စုံရဲ့လား၊ သို့မဟုတ် ကျောင်းအဆောက်အအုံ၊ မြေနေရာ ထပ်မံတိုးချဲ့ဖို့ ရှိ/မရှိ၊ ဒါ့အပြင် လမ်းပန်းဆက်သွယ်ရေး ခက်ခဲတယ်၊ ဒေသန္တရ အခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး စတဲ့ လိုအပ်ချက်အပေါ်မှာ မူတည်ပြီးတော့ သတ်မှတ်ထားတဲ့ မူဝါဒတွေကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီးတော့လည်း ကျောင်းအဆင့်တိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

တင်ပြပေးလိုခြင်းကတော့ မူဝါဒများ သတ်မှတ်ပေးထားသော်လည်းပဲ ကျွန်တော်တို့က အချို့ ဒေသတွေမှာတော့ ဒါ ဒေသန္တရရဲ့ လိုအပ်ချက်၊ ဒေသဖွံ့ဖြိုးဖို့ လိုအပ်တယ်ဆိုရင်တော့ ကျွန်တော်တို့က မူဝါဒများ ဖြေလျှော့ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်လို့ တင်ပြလိုခြင်း ဖြစ်ပါတယ်။ ဒီလိုဖြေလျှော့ ဆောင်ရွက်ဖို့အတွက်ကလည်း ဘယ်မှာပါဝင်ဖို့လိုပါသလဲ ဆိုရင်တော့ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဦးစားပေးအလိုက် တန်းစီဇယားမှာ ပါဖို့လိုတယ်လို့ ဒီ နေရာမှာ ထပ်မံတင်ပြလိုပါတယ်။

ဒါကြောင့်မို့လို့ ယခုမေးထားတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ မြောက်ဦးမြို့နယ်၊ စင်းဘောကိုင်းကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်နိုင်ရေးအတွက်မှာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်မှာ ကျောင်းအဆင့်တိုး ဆောင်ရွက်သည့် အခါမှာ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဦးစားပေးအလိုက် တန်းစီဇယားအရ သတ်မှတ်ပြီးတော့ စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းနှင့် လောလောဆယ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်း အနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးမြင့်ထွန်း ရဲ့ လက်ပံတန်းမြို့နယ်၊ ကွမ်းသီးတစ်ပင် အခြေခံပညာမူလတန်းကျောင်းရှိ ဥပဓိရုပ်မကောင်းသော ကျောင်းဆောင်ဟောင်းအစား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန အနေနဲ့ကတော့ ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်

ဆောက်လုပ်ခြင်း လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးတဲ့ သက်တမ်းကြာရှိတဲ့ အန္တရာယ်ရှိမှု အခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရ မြို့နယ်ဦးစားပေး အစီအစဉ်၊ ကျောင်းအလိုက် တန်းစီဇယားများမှာ ထည့်သွင်းလျာထားခြင်းဖြင့် ဆောင်ရွက်လျက် ရှိပါတယ်။ ယခု ကိုယ်စားလှယ်တော်ကြီး Power Point နဲ့ တင်ပြသွားတာလည်း အင်မတန်ကျေးဇူးတင်ပါတယ်။ ဒီမှာလည်း ကျွန်တော်တို့ (Seeing is believing) ဆိုသလို မြင်ရပါတယ်။ သို့သော်လည်းပဲ တစ်နိုင်ငံလုံး လွှမ်းခြုံကြည့်ရင် ဒီထက်ဆိုးတဲ့ ကျောင်းတွေလည်း ရှိဦးမှာပါလို့ ကျွန်တော် အနေနဲ့ တင်ပြလိုပါတယ်။

အဲဒီတော့ ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းကို ကျွန်တော်အနေနဲ့ ဖြေရမယ်ဆိုရင် ကျွန်တော်တို့ကတော့ အတတ်နိုင်ဆုံး ဦးစားပေး အစီအစဉ် အနေနဲ့အကောင်းဆုံး ရှိသမျှ ကျောင်းတွေအားလုံးကို ဆောင်ရွက်ပေးချင်တာပါပဲ။ သို့သော်လည်းပဲ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနဲ့အညီ ထပ်မံရေးဆွဲတင်ပြရမှာ ဖြစ်ပါတဲ့အတွက် မြို့နယ်ဦးစားပေး အစီအစဉ်၊ ကျောင်းအလိုက် တန်းစီဇယားအရ ဒီ ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်မှာ အန္တရာယ်ရှိတဲ့ကျောင်း (၁၅) ကျောင်း၊ မူကြိုကျောင်းဆောင်(၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း (၁၆)ကျောင်းတို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်အောက်မှ ငွေကျပ်(၈၃၁.၆၀)သန်းကို လျာထားတင်ပြထားပြီး ဖြစ်ပါသဖြင့် ယခုကိုယ်စားလှယ်တော်ကြီး တင်ပြလာတဲ့ လက်ပံတန်းမြို့နယ်၊ ကွမ်းသီးတစ်ပင် အခြေခံပညာမူလတန်းကျောင်းမှာ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

တတိယအနေနဲ့ ကယားပြည်နယ် အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးဒွေးရယ် ရဲ့ လွိုင်ကော်မြို့နယ်၊ ထေးသမ အခြေခံပညာ မူလတန်းကျောင်းရှိ ကိုယ်ထူကိုယ်ထတည်ဆောက်ထားသော ပျဉ်ကာ၊ မြေစိုက်ကျောင်းဆောင်ကို (၆၀ x ၃၀)ပေ RC စံကိုက်ကျောင်းဆောင်အဖြစ် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ယခင်က တင်ပြခဲ့သလိုပဲ ပညာရေးဝန်ကြီးဌာန အနေနဲ့ ကျောင်းဆောင်သစ်များ တည်ဆောက်ခြင်း၊ ပြုပြင် ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်း လုပ်ငန်းများနဲ့ ပတ်သက်ပြီးတော့ ဘဏ္ဍာရေး စည်းမျဉ်း စည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးတဲ့ သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိတဲ့ အခြေအနေ လုပ်ထုံးလုပ်နည်းများအရနဲ့ ကျွန်တော်တို့ မြို့နယ်ဦးစားပေး အစီအစဉ်အလိုက် ကျောင်းအလိုက် တန်းစီဇယားမှာ ထည့်သွင်းလျာထားခြင်းတွေကို ဆောင်ရွက်လျက် ရှိပါတယ်။ ဒါကလည်း ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် ဘယ်လိုဦးစားပေး အစီအစဉ်နဲ့ ဆောင်ရွက်လျက်ရှိကြောင်းကို သိစေလိုတဲ့အတွက် တင်ပြခြင်းဖြစ်ပါတယ်ခင်ဗျား။

ဒါကြောင့်မို့လို့ ယခုမေးထားတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီးတော့ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနဲ့ အညီ ကျွန်တော်တို့ ထပ်မံရေးဆွဲတင်ပြရတာ ဖြစ်တဲ့အတွက် မြို့နယ် ဦးစားပေး အစီအစဉ်၊ ကျောင်းအလိုက် တန်းစီဇယားအရ ယခုကိုယ်စားလှယ်တော်ကြီး တင်ပြလာတဲ့ လွိုင်ကော်မြို့နယ်၊ ထေးသမကျေးရွာ အခြေခံပညာ မူလတန်းကျောင်းမှာ (၆၀ x ၃၀) ပေ RC တစ်ထပ်

ကျောင်းဆောင်သစ် ဆောက်လုပ်ရန်အတွက်၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေ ခေါင်းစဉ်အောက်မှ ငွေကျပ် (၂၁.၆)သန်းကို လျာထားတင်ပြထားပြီး ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါတယ်။

စတုတ္ထ၊ နောက်ဆုံးအနေနဲ့ ပဲခူးတိုင်းဒေသကြီး အမှတ်(၁၂)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်တော်ကြီး ဦးထွန်းဇော်(ခ)ကိုပေါက်ရဲ့ ပညာရေးဝန်ကြီးဌာနအောက်ရှိ အခြေခံပညာ ဦးစီးဌာနတွင် ဝန်ထမ်းပြောင်း ဆရာ/ဆရာမများရဲ့ တိုင်းကျော်၊ တိုင်းတွင်း၊ ခရိုင်ကျော်၊ ခရိုင်တွင်း၊ မြို့နယ်ကျော်၊ မြို့နယ်တွင်း၊ အလုပ်နေရာ ပြောင်းရွှေ့ခြင်းတို့ကို ဝန်ကြီးဌာနက မည်သို့ ကိုင်တွယ် ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာ ရေးဝန်ကြီးဌာန အနေနဲ့တော့ ဒီ ပညာရေးဝန်ထမ်းများရဲ့ ပြောင်းရွှေ့ရေးတွေကိုလည်း အားလုံးပွင့်လင်း မြင်သာမှုဖြစ်အောင် အလေးထားပြီးတော့ မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက် တဲ့ နေရာမှာ တစ်နှစ်မှာ ယခုဆိုလျှင် (၂)ကြိမ် ပညာရေးဝန်ထမ်းများရဲ့ အပြောင်းအရွှေ့ကို ဆောင်ရွက် ပေးလျက်ရှိပါတယ်။ ဒါ ဝန်ထမ်းများရဲ့ အဆင်ပြေချောမွေ့စေဖို့ ရည်ရွယ်ပြီး ဆောင်ရွက်ပေးလျက်ရှိတာ ကို တင်ပြလိုခြင်းဖြစ်ပါတယ်။ အဲဒီလို ပြောင်းရွှေ့တဲ့ အခါမှာ ကာယကံရှင်တွေရဲ့ ဆန္ဒပြု လျှောက်လွှာ တောင်းပါတယ်။ အဲဒီ ဆန္ဒပြုလျှောက်လွှာမှာပါတဲ့ လက်ရှိရာထူး၊ လက်ရှိကျောင်းလုပ်သက်များမှာ အနည်း၊ အများအလိုက် တန်းစီဇယားပြုစုထားပါတယ်။ တန်းစီဇယားအရ ကာယကံရှင်ရဲ့ ဆန္ဒပြုနေရာ မှာ လစ်လပ်မှုနေရာရှိခြင်း၊ မရှိခြင်း။ အထက်တန်းပညာ ဆိုလို့ရှိရင် ဘာသာရပ်ကိုက်ညီမှု ရှိခြင်း၊ မရှိခြင်း စိစစ်ပြီးတော့ ကျွန်တော်တို့ လျာထားပြောင်းရွှေ့ပေးပါတယ်။ ဆန္ဒပြုနေရာဟာ လစ်လပ်တဲ့ နေရာလည်း ရှိပါမယ်။ ဘာသာရပ်လည်း ကိုက်ညီမှု ရှိပါတယ်။ သို့သော်လည်းပဲ လျှောက်ထားသူတစ်ဦးထက် ပိုနေ မယ်ဆိုရင် ကျွန်တော်တို့က လက်ရှိရာထူး၊ လက်ရှိကျောင်းလုပ်သက်နှင့် တစ်ခါပြန်ကြည့်ပါတယ်။ အဲဒီလို ပဲ လက်ရှိရာထူး၊ လက်ရှိ ကျောင်းလုပ်သက်နဲ့ တူနေရင်လည်းပဲ ဝန်ထမ်းပြောင်း၊ တပ်ပြောင်း၊ အိမ်ထောင် ရှိ/မရှိ၊ ကျွန်တော်တို့က အိမ်ထောင်ရှိပါကလည်း မိသားစုဦးရေ၊ ကျောင်းတည်နေရာအဆင့် စသည်ဖြင့် တစ်ဆင့်ခြင်း အသေးစိတ်စိစစ်ပြီး ပြောင်းရွှေ့ခြင်းကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြလို ပါတယ်။

ဝန်ထမ်းပြောင်း၊ တပ်ပြောင်း အပြောင်းအရွှေ့လျှောက်ထားတဲ့သူ အများစုဟာ မိမိရဲ့ ခင်ပွန်း သို့မဟုတ် မိမိရဲ့ ခင်ပွန်း တာဝန်ထမ်းဆောင်ရာနဲ့ နီးစပ်တဲ့ လစ်လပ်ရာ နေရာများကို လျှောက်ထားခြင်း မရှိဘဲနဲ့ လစ်လပ်တဲ့ နေရာမရှိတဲ့ မြို့ပေါ်ကျောင်းများသို့ လျှောက်ထားခြင်း၊ လစ်လပ်စာရင်း ပေါ်နေ သော်လည်းပဲ ဆရာပို ကျောင်းဖြစ်နေခြင်း၊ အချက်အလက် မပြည့်စုံ၊ မညီညွတ်လို့သာ ပြောင်းရွှေ့ခွင့်မရ နိုင်ခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။

မြို့နယ်အတွင်း တာဝန်ထမ်းဆောင်နေတဲ့ ပညာရေးဝန်ထမ်းတစ်ဦးဟာ မိမိတာဝန် ထမ်းဆောင်လိုတဲ့ နေရာကို ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် ရ/မရ စိစစ်ရာမှာလည်း အထက်ဖော်ပြပါ အချက်များနဲ့ ကိုက်ညီမှုမရှိတဲ့အပြင် ကာယကံရှင်မှ အမှန်တကယ် ဆန္ဒပြုမထားခြင်း၊ ဆန္ဒလစ်လပ်တဲ့

နေရာဟာ ရာထူးတိုးလျှောက်ထားသူနဲ့ အပြောင်းအရွှေ့လျှောက်ထားသူနဲ့ အပြိုင်ဖြစ်နေရင် အပြောင်းအရွှေ့ ဆန္ဒပြုသူကို ဦးစားပေး ဆောင်ရွက်ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း ဖြည့်စွက်တင်ပြလိုပါတယ်။

အခြေခံပညာကျောင်းများမှာ ဆရာ/ဆရာမများရဲ့ ပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခန့်ထားခြင်းများမှာ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် လျှောက်လွှာခေါ်ယူစဉ်ကပင် လစ်လပ်ရာထူးနဲ့ ဘာသာရပ်များအား အသိပေးကြေညာပေးပါတယ်။ အမိန့်စာများ ထုတ်ပြန်သည်နှင့် တစ်ပြိုင်တည်း သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးရုံး၊ ခရိုင်ပညာရေးမှူးရုံး၊ တိုင်းပညာရေးမှူး၊ ညွှန်ကြားရေးမှူးရုံးများမှာ လျာထားမှု အခြေအနေ၊ တန်းစီဇယားများကို ကာယကံရှင် ဆရာ/ဆရာမများ ပွင့်လင်းမြင်သာစွာနဲ့ မူဝါဒနဲ့ ကိုက်ညီမှု ရှိ/မရှိ စိစစ်သုံးသပ်နိုင်ရန်အတွက် စီစဉ်ထားရှိပါတယ်။ အဲဒီ တန်းစီဇယားမှာ အပြောင်းအရွှေ့၊ အတိုးလျာထားမှုတွေကို ကြည့်ရှုပြီးတော့ မှားယွင်းမှုတွေ တွေ့ရှိတင်ပြလာလို့ရှိရင်လည်း တာဝန်ယူ၊ တာဝန်ခံပြီးတော့ သက်ဆိုင်ရာ ကာယကံရှင်ရဲ့ နစ်နာမှုအတွက် သက်ဆိုင်ရာရုံးချုပ် စီမံခန့်ခွဲမှုကော်မတီကို တင်ပြစေပြီးတော့ အလေးထား၊ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ လက်ပံတန်းမြို့နယ်၊ ကွမ်းသီးတစ်ပင်ကျေးရွာမှာ ခုန Power Point နဲ့ ပြသွားတဲ့ ကျောင်းမှာ ဆိုင်းဘုတ်တင်မယ်ဆိုရင် ဆိုင်းဘုတ်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာမူလတန်းကျောင်းဆို တင်ဖို့တောင် မသင့်တဲ့ အနေအထားရှိတယ်။ အဲဒီတော့ ဘတ်ဂျက်တင်တယ် ဆိုတာတော့ ရုံးလုပ်ငန်းပေါ့၊ ဘတ်ဂျက်တင်တာ၊ ဖြစ်နေတဲ့ ဥစ္စာတော့ လက်တွေ့မြေပြင်မှာ ဖြစ်နေတာ၊ ဘတ်ဂျက်မှာလည်း ခုနကလို သဘာဝဘေးအန္တရာယ်နဲ့ မမျှော်မှန်းနိုင်သောကိစ္စတွေဆိုတာလည်း အရံထည့်တင်ထားဖို့တော့ လိုတာပေါ့၊ အဲဒီတော့ ဒီကျောင်းဟာ ဆိုင်းဘုတ်တင်ဖို့တောင် မသင့်တော်ဘူးဆိုရင်လည်း ပြုပြင်ထိန်းသိမ်းရေးစရိတ် ကနေပြီးတော့ (၁၀၀) ရာခိုင်နှုန်း ပြင်ရမယ်ဆိုရင်လည်း ပြင်လိုက်ပါ။ ဒီအတိုင်းထားလို့ကတော့ ဆိုင်းဘုတ်တပ်ဖို့ အဆင်မပြေတဲ့ အနေအထား ဖြစ်နေပါတယ်။

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အသိပေး တင်ပြခြင်း**

**အချိန်၊ ၁၀း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့်

ဥပဒေကြမ်းအား ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၅-၁၁-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သံအရာရှိများနှင့် ကောင်စစ်အရာရှိများ (ကျမ်းသစ္စာများနှင့် အခကြေးငွေများ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက် ပေးပို့လာခြင်းကိုအသိပေးတင်ပြခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုလွှတ်တော်က အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန် ပေးပို့လာသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ၂၁-၁၁-၂၀၁၄ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းပြီး ၂၅-၁၁-၂၀၁၄ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့(အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ အကြောင်း ပြန်ကြားလာပါတယ်။

ဒါကြောင့် အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ (အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ) အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မပြုဘဲ သဘောတူကြောင်း ဆုံးဖြတ်ချက်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၁၊ နည်းဥပဒေခွဲ(က)အရ အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြအပ်ပါတယ်။

## ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆက်လက်ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၃။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ နှလုံးစိတ်ဝမ်း ချမ်းမြေ့ပြီးတော့ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်မ မေတ္တာပို့သရင်းနဲ့ ဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည်ဖြစ်ပြီးတော့ ပြီးခဲ့တဲ့နေ့တွေကတည်းက ဆွေးနွေးပြီး ကျွန်မ မဆွေးနွေးရသေးတဲ့ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ကျွန်မက ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ (၂)ရက်လည်း စောင့်ခဲ့ရတယ်၊ ပြောချင်တာတွေလည်း များနေတော့ အချိန်တကယ်လို့များ နည်းနည်းလေးပိုပေးပါလို့ မေတ္တာရပ်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ မရဘူး။

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ နံပါတ်(၁) ပြောချင်တာကတော့ ဒီကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေ ပြဋ္ဌာန်းကြခြင်းရဲ့ ရည်ရွယ်ချက်ကို သက်ဆိုင်ရာကနေပြီးတော့ ဒီမှာ ထည့်ထားပြီးသား ဖြစ်ပါတယ်။ အဲဒါကတော့ ဘာလဲဆိုတဲ့အခါကျတော့ အချက်(၄)ခုရှိပါတယ်။ (၁)ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ(၃၄) အခြေခံမူတွင် ဖော်ပြထားသည့်အတိုင်း နိုင်ငံသားတိုင်းသည် ဘာသာရေး၊ သာသနာရေးတို့တွင် လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်သောအခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်တည်ဆောက်နိုင်သော အခွင့်အရေး တို့ကို အညီအမျှရရှိစေရန်လို့ ပါပါတယ်။

နံပါတ်(၂)က စည်းကမ်းစနစ်တကျ ဘာသာကူးပြောင်းနိုင်ရန်လို့ ပါပါတယ်။ နံပါတ်(၃)က ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းပြုရာတွင် ပွင့်လင်းမြင်သာမှုရှိရန်လို့ ပါပါတယ်။ နံပါတ်(၄)က ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ အတင်းအကျပ် ကူးပြောင်းစေမှု၊ အရွယ်မရောက်သေးသည့် မိန်းကလေးများကို နည်းမျိုးစုံဖြင့် လက်ထပ်ပြီး ဘာသာကူးပြောင်းစေမှုများမှ ကာကွယ်ရန်လို့ပါပါတယ်။ သို့သော်ငြားလည်းပဲ ကျွန်မကတော့ ဒီထက်ပိုပြီးတော့ကိုပဲ ဒီဥပဒေရဲ့ အနှစ်သာရဟာ လေးနက်တယ်လို့ ကျွန်မက အဲလိုယုံကြည်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရတာ ကြာလှပြီလို့ အားလုံးနားလည်ထားပါတယ်။ အားလုံးလည်း လက်ခံထားပါတယ်။ သို့သော်ငြားလည်းပဲ လွတ်လပ်ရေးရတယ်ဆိုပြီးတော့မှ ကျွန်မတို့ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာကို တကယ်ပဲ ပိုင်ဆိုင်

ရဲ့လားဆိုတာ သံသယရှိစရာတွေ အခုအချိန်မှာ ကျွန်မတို့တွေ့ကြုံနေရပါတယ်။ အဲဒါတွေက ဘာလဲဆိုတဲ့ အခါကျတော့ ပြည်တွင်းပြည်ပဆိုရာမှာ ကျွန်မတို့ ရှေးတုန်းကတော့ အဲဒီတုန်းက ကျွန်မတို့ အသက်ငယ် ပါသေးတယ်။ လွတ်လပ်ရေးမရခင်မှာ မွေးတာ။ သို့သော်ငြားလည်းပဲ ဒီထက်ခါးသီးတဲ့ အတွေ့အကြုံ တွေကို တစ်ဆင့်စကား တစ်ဆင့်နားနဲ့ လေ့လာပြီးသိရသလောက်တော့ ကျွန်မတို့ ကိုလိုနီခေတ်မှာ၊ ဂျပန်ခေတ်မှာ၊ အထူးသဖြင့်တော့ ဂျပန်ခေတ်မှာ ဂျပန်အလိုတော်ရိတွေ၊ ဘာတွေက သူတို့က ကြက်လို ချင်ရင် ကြက်ရှာပေးရတယ်။ တစ်ခုခုပေါ့နော်။ ရှာပေးခိုင်းတယ်၊ ရှာပေးခိုင်းရင် ရှာပေးရတယ်။

နောက်တစ်ခါ သူတို့နောက်ပိုင်းမှာ ရပ်ကွက်ကိုအုပ်ချုပ်ဖို့ လူရွေးတဲ့၊ ခန့်တဲ့အခါ အသက် (၂၀) ဆိုတဲ့အခါကျတော့ ဒီလောက်ငယ်ရွယ်တဲ့ အသက်(၂၀)လေး၊ မိဘရင်ခွင်က လွတ်ခါစ အသက် (၂၀)လေး၊ အတွေ့အကြုံနုနယ်သေးတဲ့ဟာကို ကျွန်မတို့နိုင်ငံမှာ အုပ်ချုပ်ဖို့ ရွေးခဲ့တယ်ဆို တာလည်း ကျွန်မလေ့လာချက်တွေအရ သိရတယ်။ အဲဒီတော့ကာ အခုအချိန်မှာ ကျွန်မတို့က လွတ်လပ်သွားပြီ၊ ရှေးတုန်းကမလွတ်လပ်သေးဘူး။ သို့သော်လည်း ဂျပန်အလိုတော်ရိတွေက သူတို့ ဂျပန်ရဲ့ ဘာခေါ်မလဲ ဆိုတော့ သူတို့အပေါ်မှာ အရေးပေးမှု၊ သူတို့ရဲ့ အတ္တအကျိုးကို ကြည့်ပြီးတော့ ကိုယ့်ပြည်သူလူထုကို နှိပ်စက်မှာ သိသိချည်းနဲ့ အကုန်လုံး ချောက်ထဲကို ကျအောင်လို့ ဆောင်ရွက် ပေးခဲ့တယ်။ အသားထဲက လောက်တွေလုပ်ခဲ့တယ်။

အခုအချိန်မှာလည်း ကျွန်မတို့နိုင်ငံက လွတ်လပ်ပြီ။ သို့သော်ငြားလည်းပဲ ကျွန်မတို့နိုင်ငံက တစ်ခုခုလုပ်မယ်ဆိုရင် နိုင်ငံတကာဖိအားတွေ ပါလာတယ်။ ပါလာတဲ့အခါမှာ ကောင်းသော ပါဝင် ပတ်သက်မှုကို ကျွန်မတို့က ကြိုဆိုတယ်။ လိုတာထက် ပိုတဲ့ ပါဝင်ပတ်သက်မှုတွေကိုတော့ ကျွန်မတို့က ဒါဟာ အဆိပ်အတောက်လို့ အဲလိုပဲယုံကြည်တယ်။ အဲဒီတော့ အခုဆိုလို့ရှိရင် ကျွန်မပြီးခဲ့တဲ့နှစ်ကပဲ ကျွန်မဆီလာပြီးတော့ ဒီဥပဒေတွေနဲ့ပတ်သက်ပြီးတော့ ဒါကို မတင်ဖို့ဆိုပြီး ကျွန်မဆီကိုလာတွေ့တဲ့ အဖွဲ့ အစည်းတွေရှိတယ်။ ရှိတော့ ကျွန်မက လူ့အခွင့်အရေးဆိုတာ သူတို့က လူ့အခွင့်အရေး ချိုးဖောက်တယ် လို့ပြောတယ်၊ လူ့အခွင့်အရေးဆိုတာ သူတို့မှာရှိသလို ကိုယ့်မှာလဲရှိတယ်၊ ကိုယ့်မှာရှိသလို ကမ္ဘာပေါ် မှာရှိတဲ့ သန်းခုနှစ်ထောင်ဆိုရင် သန်းခုနှစ်ထောင်သော လူတွေမှာ အားလုံးရှိတယ်၊ အဲဒီတော့ကာ ကိုယ်မကြိုက်လို့ မတင်ပါနဲ့ဆိုတာ တော်တော် အဓိပ္ပာယ်မရှိတဲ့အလုပ် ဖြစ်တယ်။

နိုင်ငံရေးသမားဆိုတာ ယုံကြည်ချက်နဲ့လုပ်တာ။ လုပ်စရာရှိလို့ရှိရင်တော့ လုပ်ရမှာပဲဆိုပြီး တော့ ကျွန်မအဲလိုပြောခဲ့ပါတယ်။ အဲဒီတော့ အခုလည်း ကျွန်မတို့က ဒီဘက်မှာ ဒီမျိုးစောင့်ဥပဒေ ဘက်ကပါတဲ့ ဥပဒေတွေကို ဆွေးနွေးနေတယ်။ သို့သော်လည်း ဟိုဘက်မှာ ကော်မတီတွေဆီမှာ လာပြီး တဲ့အခါကျတော့ သက်ဆိုင်ရာ အဖွဲ့အစည်းတစ်ချို့က လာပြီးတဲ့အခါကျတော့ လုံးဝလာပြီးတော့ ဖိအား ပေးနေတယ်။ ဖိအားပေးနေတယ်ဆိုတဲ့အခါ ကျွန်မတို့က ပြန်သွားရင် အဆောင်မှာ အတူတူနေကြတယ် ဆိုတော့ အာလုံးသိနေရတယ်။ အဲဒီတော့ကာ ဘာဖြစ်လို့ ဒီလောက်သဲကြီးမဲကြီးနဲ့ ဒီဟာကို မဖြစ်အောင် လုပ်နေကြသလဲဆိုတာ အခုတော့ကြည့်လိုက်တဲ့အခါမှာ ပြည်တွင်းပြည်ပ အကုန်လုံးကပဲ ဒါကို ဆန့်ကျင်တယ်၊ ကန့်ကွက်တယ်၊ ဖိအားတွေပေးတယ်၊ နှောက်ယှက်တယ်၊ အဲဒီလို စိန်ခေါ်မှုတွေ အများကြီးတွေ့နေတာကို ကျွန်မတို့တွေ့ရတယ်။

ဒီမှာ ကျွန်မပြီးခဲ့တဲ့ရက်တွေကတည်းက ကျွန်မကနေ့စဉ် Current News တွေသိချင်လို့ အမြဲတမ်းဖတ်တယ်။ ဖတ်တဲ့အခါမှာ ကျွန်မတို့ဒီမှာ အမေရိကန်ကနေပြီးတော့ ဖွဲ့ထားတဲ့အဖွဲ့က

ကန့်ကွက်တာကို ကျွန်မ အဲဒီနေ့က ဖတ်လိုက်ရတယ်။ အဲဒါဘာလဲဆိုတဲ့အခါကျတော့ မျိုးစောင့်ဥပဒေကြမ်းများကို အမေရိကန်ပြည်ထောင်စု၊ ဘာသာရေးလွတ်လပ်ခွင့်ကော်မတီ၊ ကော်မရှင် ပြင်းထန်စွာ ရှုတ်ချဆိုပြီးတဲ့ အခါကတော့ သူတို့က ဒီမှာ ဓာတ်ပုံကြီးနဲ့ပါလာတယ်။ ပါလာပြီးတဲ့ အခါကျတော့ ဒီထဲမှာ သူတို့က ဘာတွေပြောထားလဲဆိုတော့ ထုံးစံအတိုင်းပဲ ကျွန်မဖတ်ပြမလို့၊ ဒါပေမယ့် မဖတ်ပြတော့ပါဘူး။

ထုံးစံအတိုင်းပဲ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီဘူး၊ နောက်ပြီးတော့ လူ့အခွင့်အရေးကို ချိုးဖောက်တယ်၊ နောက်တစ်ခါ ၂၀၁၅ ခုနှစ် နိုင်ငံရေးအတွက် ဘာသာရေးကို ခုတုံးလုပ်တယ်။ အဲဒီ(၃)ခုကို အဓိကထားပြီးတော့ သူတို့က ဒါ ဒီအမေရိကန်ကအဖွဲ့က သူက စွပ်စွဲတယ်။ နောက်တစ်ခုက လည်း ဒါကဘာလဲဆိုတဲ့အခါကျတော့ ကျွန်မတို့ မြောက်ဥက္ကလာမှာ ဘာသာပေါင်းစုံ ချစ်ကြည်ရေး အဖွဲ့က မြောက်ဥက္ကလာမှာတွေ့ဆုံပြီးတော့ ဆောင်ရွက်စရာရှိတာတွေကို ချစ်ကြည်ရေးအတွက်၊ အေးအေး ချမ်းချမ်းနေနိုင်ရေးအတွက်၊ အတူလက်တွဲပြီးတော့ ဆောင်ရွက်နိုင်ရေးအတွက် ဒါဆောင်ရွက်တာ။

တစ်ရက်ထဲမှာပဲ ဒါတွေပါလာတဲ့အခါကျတော့ ကျွန်မက ကျွန်မတို့ ပြည်တွင်းက အခြေအနေတွေက ကျွန်မတို့ နှစ်ပေါင်းများစွာ အတူလက်တွဲပြီးနေလာခဲ့တဲ့ မတူကွဲပြားတဲ့ ဘာသာဝင်တွေ ဆိုသော်ငြားလည်းပဲ ကျွန်မတို့အတူတူ ကိုယ့်မြန်မာနိုင်ငံသားတွေပဲဆိုပြီးတော့ ချစ်ချစ်ခင်ခင်နဲ့ အကုန်လုံး လက်တွဲပြီးတော့ ဆောင်ရွက်စရာရှိတာတွေ၊ ဘာတွေ၊ အကုန်လုံးစိတ်ဝမ်းမကွဲပဲနဲ့ လုပ်နေတယ်။

ဒါပေမဲ့ တစ်ဘက်ကလည်း တစ်မျိုးမြင်တယ်။ တစ်ဘက်ကတော့ တကယ်ဒီမှာ အေးချမ်းတာတွေလည်းရှိနေတယ်။ အဲဒီအခါကျတော့ ကျွန်မက ဒီ အမေရိကန်ကအဖွဲ့နဲ့ ပတ်သက်ပြီးတော့ နည်းနည်းလေး ပြည်သူလူထုအတွက် ကျွန်မထင်တယ်။ ကျွန်မတို့ အခုဒီဟာကို စိတ်ဝင်တစားနဲ့ စောင့်ကြည့်နေမယ့်လူတွေလည်း အများကြီးရှိတယ်။ အဲဒီတော့ ကျွန်မက ဒီထဲကနေပြီး ကျွန်မတို့ရဲ့ ဒါ အထွဋ်အမြတ်၊ ကျွန်မတို့ဘာသာရဲ့ တကယ့်ယုံကြည်ရာ၊ ကိုးကွယ်ရာ၊ ပုဂ္ဂိုလ်ကြီးများ၊ ဒီသီတဂူ၊ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ရဲ့ အဓိပတိ ဆရာတော်ဘုရားကြီးရဲ့ မိန့်ခွန်းထဲက မြွက်ကြားထားတဲ့ဟာလေးကို နည်းနည်းကျွန်မ၊ ဒါလေးကို နည်းနည်းမျှဝေချင်ပါတယ်။ အဲဒါဘာလဲဆိုတော့ ကျွန်မတို့ သိသင့်တယ်လို့ အားလုံးထင်လို့ပါ။

အဲဒါဘာလဲဆိုတဲ့အခါကျတော့ ဒီအပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့်၊ အမေရိကန် ကော်မရှင်အဖွဲ့က ၂၀၁၄ ခုနှစ်၊ (၈)ရက်၊ (၈)လ (၂၁)ရက်နေ့ မနက်(၉)နာရီက သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်မှာ သီတဂူဆရာတော်ဘုရားကြီးကို လာရောက်တွေ့ဆုံတဲ့အခါမှာ သီတဂူဆရာတော် ဘုရားကြီး က သူတို့ကို မိန့်ကြားတဲ့အထဲက ကျွန်မ နောက်ဆုံးနိဂုံးလေးကို နည်းနည်းမျှဝေပါရစေ။

ဘာလို့လဲဆိုတော့ သိသင့်တယ်လို့ ကျွန်မက ယုံကြည်တဲ့အတွက်ကြောင့်မို့ပါ။ ဒါကတော့ နိဂုံးချုပ်အားဖြင့် ပြောကြားလိုတာကတော့ ကျွန်ုပ်တို့ မြန်မာနိုင်ငံဟာ အင်္ဂလိပ်ကိုလိုနီဘဝနဲ့ နှစ်ပေါင်း (၁၀၀)နီးပါးနေခဲ့ကြရတဲ့အတွက်ကြောင့်လည်းကောင်း၊ လွတ်လပ်ရေးရပြီးတဲ့အခါမှာ နှစ်ပေါင်း(၆၀) နီးပါး ပြည်တွင်းမှာ လူမျိုးရေးစစ်ပွဲတွေ ဖြစ်ပွားခဲ့ရတဲ့အတွက်ကြောင့်လည်းကောင်း၊ ကျွန်ုပ်တို့ မြန်မာ နိုင်ငံဟာ အခက်အခဲပေါင်းမြောက်များစွာနဲ့ ကြုံတွေ့နေကြရပါတယ်။ ဒီအခက်အခဲများကို ကူညီ ဖြေရှင်းပေးမည်ဟု ပြည်ပအဖွဲ့အစည်းအကူအညီတွေလာကြသော်လည်း ပြဿနာတွေ ပြေလည်မသွားဘဲ ပိုမိုခက်ခဲအောင် လုပ်သွားခဲ့ကြတာတွေ ရံဖန်ရံခါမှာ တွေ့ရပါတယ်။ သို့ဖြစ်ရခြင်းကြောင့် ကျွန်ုပ်

ဒီနေ့ ပြောကြားလိုသည်မှာ ထိုအခက်အခဲပြဿနာများကို ခင်ဗျားတို့ တတ်နိုင်သည့်ဘက်က ဝိုင်းဝန်း ဖြေရှင်းပေးကြပါလို့ ကျွန်ုပ် မေတ္တာရပ်ခံလိုပါတယ်။

နောက်တစ်ခုပြောချင်တာကတော့ လူမျိုးရေးစစ်ပွဲတွေ ချုပ်ငြိမ်းသွားစေဖို့ ကျွန်ုပ်တို့အစိုးရက စားပွဲဝိုင်းမှာ တွေ့ဆုံဆွေးနွေးခြင်းဖြင့် ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နေတဲ့အချိန်မှာ နိုင်ငံရေး အစွန်းရောက်နဲ့၊ ဘာသာရေးအစွန်းရောက်တစ်ချို့က ဘာသာရေးပဋိပက္ခများဖြစ်အောင် လှုံ့ဆော် ဖန်တီးနေကြတာကိုလည်း တွေ့နေရပါတယ်။ ဒီပဋိပက္ခများကို ငြိမ်းချမ်းသွားအောင် ဝိုင်းဝန်းဖြေရှင်းပေး ကြဖို့ မေတ္တာရပ်ခံပါတယ်။ ငြိမ်းချမ်းအောင်ဖြေရှင်းပေးရာမှာ နည်းစနစ်ဟာ အလွန်အရေးကြီးပါတယ်။

ဖြေရှင်းရင်း၊ ဖြေရှင်းရင်းနဲ့ ပိုပိုပြီး ရှုပ်ထွေးမသွားအောင် သတိပြုကြဖို့လိုပါတယ်။ ကျွန်ုပ် တို့ကလည်း ဗုဒ္ဓဘာသာ ဗမာများပီပီ၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများပီပီ၊ မြတ်ဗုဒ္ဓရဲ့ အဆုံးအမအတိုင်း သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ သူတစ်ပါးအကျိုးဆောင်ရွက်ခြင်း၊ ကိုယ့်အကျိုးစီးပွား စွန့်လွှတ်ခြင်း၊ ကျိုးကြောင်းဆင်ခြင်သုံးသပ်ခြင်း ဆိုတဲ့ ခန္တီမေတ္တာ၊ သတိပညာကြီးကြီးထားပြီး ဒီဘာသာရေးပြဿနာများ ကို အကြမ်းဖက်ခြင်းလုံးဝကင်းလျက် ဖြေရှင်းသွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်ဆိုပြီးတော့ ဆရာတော်ဘုရားကြီးက မိန့်ကြားခဲ့ပါတယ်။

အဲဒီတော့ ကျွန်မတို့ မြန်မာလူမျိုးများဟာ မေတ္တာ၊ အထူးသဖြင့် ဒီဘာသာပေါ့နော်၊ မေတ္တာနဲ့ သစ္စာနဲ့ကျွန်မတို့ဆောင်ရွက်ကြတာဖြစ်ပါတယ်။ သို့သော်ငြားလည်းပဲ အခုအချိန်မှာ မေတ္တာတွေ၊ သစ္စာတွေ မရှိနိုင်တော့ဘဲနဲ့ ဂျပန်ခေတ်တုန်းကလို အလိုတော်ရိတွေများ ရှိနေပြီလားလို့ ကျွန်မစိတ်ထဲမှာ သံသယဝင်လာပါတယ်။ အဲဒါ ဒီမှာ အမျိုးသမီးကွန်ယက်က စွပ်စွဲထားတာရှိပါတယ်။ သူတို့ကလည်း အတူတူပဲ၊ ကျွန်မတို့ နိုင်ငံရေးလုပ်စားတယ်။ လူ့အခွင့်အရေးကို ချိုးဖောက်တယ်၊ နောက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့မညီဘူးဆိုပြီးတော့ စွပ်စွဲထားပါတယ်။

နောက်တစ်ခုက ဒါ ကျွန်မတို့ ဒီဆောင်ရွက်နေစဉ်အချိန် အတောအတွင်းမှာပဲ ကျွန်မတို့ ချင်းအမျိုးသားညီလာခံ ဘုံသဘောတူညီချက်များ အကောင်အထည်ဖော်ရေး ပေါင်းစပ်ညှိနှိုင်းမှု ကော်မတီကလည်း ဒီဟာကို မပြဋ္ဌာန်းရေးအတွက်ဆိုပြီးတော့ ကျွန်မတို့ဆီကို စာတွေပို့လိုက်တဲ့အခါမှာ ကော်မတီကနေပြီးတော့တစ်ဆင့် ရရှိပါတယ်။ အဲဒါကိုလည်း ကျွန်မကနည်းနည်းမျှဝေချင်ပါတယ်။

အဲဒါ သူတို့က ဘာလဲဆိုတော့ ကိုးကွယ်ရာဘာသာကူးပြောင်းခြင်းဆိုင်ရာဥပဒေကြမ်းသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်နှင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာ စာတမ်းအပိုဒ်(၁၈)တို့နှင့်ဆန့်ကျင်သည့်အတွက် မြန်မာနိုင်ငံအတွင်းရှိ လူတစ်ဦးချင်းစီ၏ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အခွင့်အရေးများကို ထိပါးသည်။ ထို့အပြင် လက်ရှိ ဖော်ဆောင်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုသော်လည်းကောင်း၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ ငြိမ်းချမ်းစွာအတူယှဉ်တွဲ နေထိုင်ရေးတို့ကိုသော်လည်းကောင်း၊ ထိခိုက်စေနိုင်သည့်အတွက် ဤဥပဒေကြမ်းကို လွှတ်တော်မှ ပြဋ္ဌာန်းခြင်းမပြုရန်ဆိုပြီးတော့ Bracket နဲ့ နောက်ထပ် ထပ်ပြီး အလေးအနက် Second Time မပြုရန်ဆိုပြီးတော့ မပြုရန်ကို (၂)ခါရေးပြီးတော့မှ အလေးအနက်တိုက်တွန်းသည် ဆိုပြီးတော့ ဒါက တစ်ခါ ပို့လိုက်ပါတယ်။

အဲဒီအခါကျတော့ ကျွန်မတို့က ဒီစောစောကပြောတဲ့ သူတို့ရည်ရွယ်ချက်မှာတော့ အင်မတန်ကို အကုန်လုံး စည်းကမ်းစနစ်တကျနဲ့ ပဋိပက္ခတွေချုပ်ငြိမ်းဖို့၊ အေးချမ်းစွာ အတူယှဉ်တွဲ

နေနိုင်ဖို့ဆိုပြီးတော့ စည်းကမ်းလေးတွေ လုပ်ထားတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်မ ဥပမာတစ်ခု ပေးချင်တာကတော့ ဒီလူ(၄)ယောက်ရှိတဲ့အနက်မှာ (၃)ယောက်က ကုလားထိုင်နဲ့ထိုင်နေတယ်၊ (၁) ယောက်က ကုလားထိုင်မရှိဘူး။ သြော် ထိုင်စရာလေးရှိတဲ့အခါမှာ သွားထိုင်တာကို ဒါလူ့အခွင့်အရေး ချိုးဖောက်တယ်လို့ပြောလို့မရဘူးလို့ ကျွန်မထင်ပါတယ်။

နောက်တစ်ခါ အဲဒီ လူ(၄)ယောက်မှာပဲ (၃)ယောက်က အရိပ်နဲ့နေတယ်။ (၁)ယောက်က နေပူကျဲတဲမှာ ဒီတိုင်း နေပူဒဏ်ကိုခံပြီးနေတယ်၊ အရိပ်ကလေးတွေ့လို့ အဲဒီအရိပ်ကို သွားခိုတာကို ဒါ အပြစ် ပြောလို့ရှိရင်တော့ ဒါအကြင်နာကင်းတာ၊ ကိုယ်ချင်းစာတရားကင်းတာလို့ ကျွန်မကတော့ အဲလိုပဲ နားလည်ပါတယ်။ အဲဒီတော့ ကျွန်မတို့ နားလည်တာကတော့ ကျွန်မတို့ မြန်မာနိုင်ငံမှာဆိုလို့ရှိရင် အားလုံး ဘာသာကြီးတွေ အကုန်လုံးပေါင်းစုံနေကြတဲ့အခါမှာ ကျွန်မတို့ ဗုဒ္ဓဘာသာသည်(၉၀)ရာခိုင်နှုန်း နီးပါးရှိပြီးတော့ ကျန်တဲ့ဘာသာအားလုံးဟာ (၁၀)ရာခိုင်နှုန်းကျော်ကျော်လေးရှိတယ်။ အဲဒီတော့ကာ ဒီဟာ ဘာသာရေးနဲ့ပတ်သက်ပြီး အလေးအနက်ထားပြီးတော့ ပြဿနာတွေချုပ်ငြိမ်းစေဖို့ ဆောင်ရွက်တဲ့ အခါမှာ လိုတာထက်ပိုပြီးတော့ကန့်ကွက်တာတွေ၊ နှောင့်ယှက်တာတွေ၊ မလုပ်သင့်ဘူးလို့ ကျွန်မက တော့ အဲလိုယူဆပါတယ်။ အဲဒီတော့ သူတို့စွပ်စွဲထားတာကို ကျွန်မတစ်ခုချင်း ကျွန်မက ဒါ ရှင်းချင်ပါတယ်။ ဘာလို့လဲဆိုတဲ့အခါကျတော့ ဒီ ချင်းပါတီက ပြောထားတာ၊ (၁၈)ကိုသူက (၁၈)နဲ့မညီဘူး ဆိုပြီးတော့ ပြောထားပါတယ်။ အဲဒီတော့ (၁၈)ရဲ့ပြဋ္ဌာန်းချက်လေးကို ကျွန်မနည်းနည်း ပြဋ္ဌာန်းချက်ဆိုတာထက် (၁၈)ရဲ့ ဖွင့်ထားတဲ့ အဓိပ္ပာယ်လေးကို ကျွန်မ ဖတ်ပြချင်ပါတယ်။

ဒါက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ်(၁၈)ပါ၊ လူတိုင်းတွင် လွတ်လပ်စွာ တွေးခေါ်ခွင့်၊ အမှားအမှန် ဝေဖန်ပိုင်းခြားခွင့်နဲ့ ကိုးကွယ်ခွင့်ရှိသည်၊ အဆိုပါအခွင့်အရေးများတွင် မိမိကိုးကွယ်သည့်ဘာသာ သို့မဟုတ် သက်ဝင်ယုံကြည်ချက်ကို လွတ်လပ်စွာပြောင်းလဲခွင့်အပြင်၊ တစ်ဦးခြင်းဖြစ်စေ၊ အများနှင့်စုပေါင်း၍ဖြစ်စေ မိမိကိုးကွယ်သည့်ဘာသာ(သို့တည်းမဟုတ်) သက်ဝင်ယုံ ကြည်မှုကို အများပြည်သူရှေ့မှောက်၌ဖြစ်စေ၊ သီးခြားဖြစ်စေ၊ လွတ်လပ်စွာ တင်ပြခွင့်၊ နောက်တစ်ခါ လွတ်လပ်စွာ ကျင့်သုံးခွင့်၊ နောက် လွတ်လပ်စွာဝတ်ပြုကိုးကွယ်ခွင့်နဲ့ ဆောက်တည်ခွင့်တို့ပါဝင်သည်တဲ့။ အဲဒီကျတော့ ဒါကို ချိုးဖောက်တယ်လို့ပြောထားတဲ့အခါမှာ ဒီဥပဒေက ဒါကို အပြည့်အဝပေးချင်လို့၊ အပြည့်အဝ ကိုယ့်ဟာနဲ့ကိုယ် လွတ်လွတ်လပ်လပ် ဆောင်ရွက်စေချင်လို့လာပြီးတော့မှ Pressure တွေပေးပြီး နိုင်ထက်စီးနင်းလုပ်ပြီး ဖွတ်အတင်း၊ ဟိုဟာဝင်၊ ဒီဟာဝင်၊ ပြောတာတွေနဲ့ကြုံမှာစိုးလို့ အဲလိုမဖြစ်အောင်လို့ လုပ်ထားပါတယ်လို့ ရည်ရွယ်ချက်မှာပြောထားပြီးသားကို (၁၈)ကို ချိုးဖောက်တယ် ဆိုရင် အခုပြဋ္ဌာန်းထားတဲ့ပုဒ်မထဲက ဥပဒေကြမ်းထဲက ဘယ်အပိုဒ်က ချိုးဖောက်တယ်ဆိုတာကို တိတိ ကျကျကိုင်ပြီးတော့ တိတိကျကျထောက်ပြပြီးတော့ အဲဒါကိုတော့ ပြင်ပေးပါ သို့မဟုတ်လျှော့ပေးပါ သို့မဟုတ် ဘယ်လိုလုပ်ပေးပါဆိုပြီးတော့ ဒါပြောရင် ပိုပြီးတော့ သဘာဝကျတယ်လို့ ကျွန်မထင်ပါတယ်။ ဒါ လူ့အခွင့်အရေးနဲ့ ပတ်သက်လို့ သူတို့ ပြောထားတဲ့ ပုဒ်မပါ၊ နောက်တစ်ခုကတော့ ဒီ ကျွန်မတို့ ၂၀၁၀ အတွက် ဘာသာရေးကို နိုင်ငံရေးအတွက် ခုတုံးလုပ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ပတ်သက်လို့ကတော့ အင်မတန် သေးသိမ်ပြီးတော့မှ နိုင်ငံရေးရေချိန်လည်း နိမ့်ပြီးတော့မှ ပညာမျက်စိ မရှိတဲ့လူတွေရဲ့ စွပ်စွဲချက်လို့ ကျွန်မ အဲလိုပဲ ပြောချင်ပါတယ်။ ဘာလို့လဲဆိုတော့ လူမျိုးတိုင်း၊ လူမျိုးတိုင်း၊

**ဥက္ကဋ္ဌ**။ ။ ဒေါ်ခင်ဝိုင်းကြည် ပုတ်ခတ်ခြင်း မပြုပါနဲ့၊ မိမိရဲ့တင်ပြချက်ကိုပဲ တင်ပြပါ။

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ ဟုတ်ကဲ့ပါ ဥက္ကဋ္ဌကြီး။ ဒါဆိုလို့ရှိရင် ကျွန်မ ဒီဥပဒေနဲ့ ပတ်သက်ပြီး ကျွန်မ အရင် ဆွေးနွေးပါမယ်။

**ဥက္ကဋ္ဌ**။ ။ (၅)မိနစ်ပဲ ကျန်တော့တယ်။

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။ ။ အခုကျွန်မတို့ ကိုးကွယ်ရာ ဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းနဲ့ ပတ်သက်လို့ ကျွန်မတို့ ဒီမှာ ပုဒ်မ အခန်း(၂)၊ ပုဒ်မ ၄ ပါ ပါတယ်။ နောက်တစ်ခါအခန်း(၂)၊ ပုဒ်မ ၅ ပါပါတယ်။ အဲဒီမှာတော့ ကျွန်မတို့ ရှေ့က ဆွေးနွေးသွားပြီးတဲ့ ကိုယ်စားလှယ်တော်ကြီးများဖြစ်တဲ့ ဧရာဝတီတိုင်းက ကိုယ်စားလှယ်တော်ကြီးနဲ့ ရခိုင်တိုင်းက ကိုယ်စားလှယ်တော်ကြီးနဲ့ နောက် ချင်းပြည်နယ်က ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးသွား တာတွေ ရှိပါတယ်။ အဲဒီတော့ အသက်(၁၈)နှစ်ပြည့်ပြီးသူ ဖြစ်ရမည်ဆိုတဲ့ အပိုဒ်မှာ နောက် နံပါတ်(၄)က မည်သူမဆို ကိုးကွယ်ရာဘာသာမှ အခြားကိုးကွယ်ရာဘာသာသို့ဖြစ်စေ၊ ဘာသာမဲ့ အဖြစ်မှ ကိုးကွယ်ရာ ဘာသာသို့ဖြစ်စေ ကူးပြောင်းကိုးကွယ်ခွင့်ရှိသည်ဆိုတဲ့ အပိုဒ်နဲ့ ဒီဘက်က (၅)နဲ့မှာ ကျွန်မ ဧရာဝတီ တိုင်းက ပုဂ္ဂိုလ်ကြီးနဲ့ ရခိုင်တိုင်းက ပုဂ္ဂိုလ်ကြီးပြောသွားတာကို ကျွန်မက အဲဒီအတိုင်းပဲ ထောက်ခံ ပါတယ်။

နောက်ပြီးတော့ ဒီ ချင်းပြည်နယ်က ဦးဇုန်လှယ်ထန်း ပြောသွားတာနဲ့ ပတ်သက်လို့ကလည်း လူဆိုတာ မွေးစဉ်ကတည်းကနေပြီးတော့ နောက်ဆုံးသေဆုံးသွားတဲ့ အချိန်ထိ လူတစ်ယောက်ရဲ့ ဂုဏ်သိက္ခာနဲ့ အသက်ရှင်သန်ခွင့် ရှိတာဖြစ်တဲ့အတွက် ငယ်စဉ်ကတည်းကနေပြီးတော့ စဉ်းစားပေးရ မယ်ဆိုတာကိုလည်း ကျွန်မ ဒါကိုလည်း ထောက်ခံဆွေးနွေးအပ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်မ ဒီ (၂၄)ဖြစ်ပါတယ်။ နောက်တစ်ခုက (၁၆)နဲ့(၁၇)ပါ။ ဒါကတော့ (၁၆)ကတော့ ကိုယ်စားလှယ်တော်ကြီး ဦးအောင်ကြည်ညွှန့် ဆွေးနွေးသွားတာဖြစ်ပါတယ်။ အဲဒီ (၁၆)မှာ သူဆွေးနွေးသွားတဲ့ ဆွေးနွေးချက်တွေ ကိုလည်း အလေးအနက်ထားပြီးတော့ စဉ်းစားသင့်တယ်လို့ ကျွန်မ အဲဒါကိုလည်း ထောက်ခံပြီးတော့ တင်ပြပါတယ်။

ဒါ ဘာလို့လဲဆိုတော့ ဒီ လူတစ်ယောက်ကို ခြိမ်းခြောက်တယ်၊ ဒါမှမဟုတ် စည်းရုံးတယ်၊ သွေးဆောင်တယ်၊ တစ်ခုခုဖြစ်တယ်ဆိုတာ၊ သိသိကြီးနဲ့ ကာယကံရှင်ရဲ့ ဆန္ဒကိုယူပြီးတော့ ဆောင်ရွက် ပေးမယ်ဆိုရင် ဒါကလည်း ဒီ ဖွင့်ဆိုချက်တွေကလည်း စဉ်းစားစရာပါလို့ ပြောသွားတဲ့ဟာကိုလည်း ကျွန်မကလည်း ဒါကိုလည်း ပြန်ပြီးတော့ စဉ်းစားစေချင်ပါတယ်။ နောက်တစ်ခါ (၂၄)ဖြစ်ပါတယ်။ ပုဒ်မ ၂၄ မှာတော့ သက်ဆိုင်ရာ ကိုးကွယ်ရာဘာသာ ဆောင်ရွက်သော သာသနာပြုလုပ်ငန်းများသည် ပုဒ်မ ၁၅ ပါ သွေးဆောင်ခြင်းဆိုသည့် စကားရပ်နှင့် သက်ဆိုင်ခြင်းမရှိစေရဆိုတဲ့ဟာမှာ ဥပဒေဆိုတာ ပြတ်ပြတ် သားသား၊ တိတိကျကျ၊ ပြည့်ပြည့်စုံစုံ၊ ခိုင်ခိုင်လုံလုံ ဖြစ်ရမယ်လို့ ပြောထားတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီဟာမှာ သက်ဆိုင်ရာကိုးကွယ်ရာဘာသာ၊ ဘာသာတူသူများအတွင်း၊ သက်ဆိုင်ရာကိုးကွယ်ရာဘာသာ အရ ဘာသာတူသူများအတွင်း ဆောင်ရွက်သော သာသနာပြုလုပ်ငန်းများသည် ပုဒ်မ ၁၅ ပါ သွေးဆောင် ခြင်း ဆိုသည့် စကားရပ်နှင့် သက်ဆိုင်ခြင်း မရှိစေရဆိုပြီးတော့ ဒါ ကိုယ့်ဘာသာနဲ့ကိုယ် သာသနာပြု လုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ တစ်ခြားလူကိုလည်း အဆိပ်အတောက်မဖြစ်ဘူး၊ ကိုယ့်ဘာသာနဲ့ ကိုယ်ပဲ ဆိုတာကို ပေါ်လွန်ထင်ရှားစေချင်တာ ဖြစ်တဲ့အတွက် အဲဒီထဲမှာ ဒါကို ထည့်ပေးဖို့ ကျွန်မ ဒါကတော့ ရှေ့က ဧရာဝတီတိုင်းက ပုဂ္ဂိုလ်ကြီးရော၊ ရခိုင်တိုင်းက ကိုယ်စားလှယ်တော်ကြီးရော ဒါတင်ပြ

သွားတဲ့ ဆွေးနွေးသွားတဲ့ အချက်ဖြစ်ပါတယ်။ ကျွန်မ ဒီ(၃)ခု အားလုံး ဒါကို ဒီအတိုင်းပဲ ကျွန်မ ထောက်ခံပါတယ်လို့ ပြောချင်ပါတယ်။

နောက် စောစောဟာကို ကျွန်မ နည်းနည်းပြန်ပြီးတော့ ပြောချင်ပါတယ်။ အဲဒါ ဘာလဲဆိုတော့ ဥပဒေနဲ့ပတ်သက်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မညီဘူးဆိုတဲ့ဟာကို ကျွန်မက ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ညီတယ်ဆိုတဲ့ဟာကို ကျွန်မက နည်းနည်း ပြောချင်တယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်ပြီးတော့ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မ အမြဲပြောနေကျ ပုဒ်မတွေပါပဲ။ အဲဒါတွေက ဘာလဲဆိုတော့ ပုဒ်မ ၂၅၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၁ (ဂ)မှာတော့ ပြည်သူတို့ရဲ့ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့သည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်သည်လို့ ပြဋ္ဌာန်းထားပါတယ်။ ၂၁ (ဃ)မှာတော့ နိုင်ငံသားများ၏ လွတ်လပ်ခွင့်၊ လုပ်ပိုင်ခွင့်၊ ခံစားခွင့်၊ တာဝန်နှင့် တားမြစ်ချက်များ ထိရောက်ခိုင်မာပြည့်စုံစေရန် လိုအပ်သော ဥပဒေပြဋ္ဌာန်းပေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။ ထပ်မံပြီးတော့ ဥပဒေပုဒ်မ ၃၄၇ မှာတော့ နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့အပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့် ပေးရမည်လို့ ပြဋ္ဌာန်းထားပါတယ်။

ဒီပုဒ်မ (၃) ခုရဲ့ ပြဋ္ဌာန်းချက်တွေကို လေ့လာမယ်ဆိုလို့ရှိရင် ပြည်သူတွေ အေးချမ်းသာယာဖို့နဲ့ တရားဥပဒေစိုးမိုးဖို့ နိုင်ငံသားတိုင်းရဲ့တာဝန်ဖြစ်သလို ဥပဒေရဲ့ အခွင့်အရေးတွေနဲ့ အကာအကွယ်တွေကို တန်းတူညီမျှ ရစေဖို့ကိုလည်း လိုအပ်တဲ့ဥပဒေတွေ ပြဋ္ဌာန်းပေးဖို့ နိုင်ငံတော်မှာ တာဝန်ရှိတာကို တွေ့ရမှာ ဖြစ်ပါတယ်။ လိုအပ်ရင် လိုအပ်သလို မဖြစ်မနေ ပြဋ္ဌာန်းပေးခြင်းဖြင့် နိုင်ငံတော်က တာဝန်ကျေပွန်ရမှာ ဖြစ်ပါတယ်။

နောက်ထပ် တင်ပြချင်တဲ့ ဥပဒေတစ်ခုကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပါ။ နိုင်ငံသားတိုင်းသည် နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် အောက်ပါ အခွင့်အရေးများကို လွတ်လပ်စွာသုံးစွဲခွင့် ရှိသည်။ ဆိုပြီးတော့ တိုင်းရင်းသားလူမျိုး တစ်မျိုးနဲ့တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုသော်လည်းကောင်း၊ အခြား ဘာသာသာသနာကို သော်လည်းကောင်း၊ ထိခိုက်နစ်နာစေမှု မရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသည့်စကား၊ စာပေ၊ ယဉ်ကျေးမှု ကိုးကွယ်သည့် ဘာသာ နှင့် ဓလေ့ ထုံးတမ်းများကို လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့် ရှိသည်လို့ ပြဋ္ဌာန်းထားပါတယ်။ ဒါက ပုဒ်မ ၃၅၄ ပါ။ နောက်တစ်ခါကျတော့ ဘာသာကူးပြောင်းခြင်းနဲ့ ပတ်သက်လို့ ကာယကံရှင်ရဲ့ သဘောဆန္ဒကိုသာ အဓိက ထားပါတယ်။ ကျွန်မ ဥပဒေတွေပဲ ရည်ညွှန်းပြီး ပြောပါမယ်။ အဲဒါကတော့ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ နောက်ဆုံးတင်ပြလိုတဲ့ ဥပဒေပုဒ်မကတော့ ၃၆၀ (က)နဲ့ (ခ)တို့ ဖြစ်ပါတယ်။ ၃၆၀ (က)မှာတော့ ဘာသာရေး၊ သာသနာရေးဆိုင်ရာ ကိုးကွယ်ဆောက်တည်မှုသည် စီးပွားရေး၊ ဘဏ္ဍာရေး၊ နိုင်ငံရေး အခြားလောကီ ရေးရာ ဆောင်ရွက်မှု တစ်ခုခုနှင့် ဆက်စပ်နေပါက ပုဒ်မ ၃၄ ပါ ဘာသာ သာသနာရေးနှင့် ဆိုင်ရာ လွတ်လပ်ခွင့်များတွင် မပါဝင်စေရလို့ ပြဋ္ဌာန်းထားပြီး ၃၆၀ (ခ)မှာတော့ ထိုသို့ ဘာသာ သာသနာရေးနှင့် စပ်လျဉ်းတဲ့ လွတ်လပ်သော အခွင့်အရေးများကို ပေးထားသော်လည်း အများပြည်သူ အကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရလို့ တိတိကျကျ ခိုင်ခိုင်မာမာ ပြတ်ပြတ်

သားသား ပြဋ္ဌာန်းထားပြီး ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဒီဥပဒေသည် နောက်ဆုံး ၃၆၀ (ခ) ဟာ အားလုံးရဲ့ အဖြေလို့ ကျွန်မကတော့ အဲဒီလိုပဲ ယူဆပါတယ်။

နောက်တစ်ခုက လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ အခု ဆွေးနွေးနေတဲ့ ဥပဒေကြမ်းဟာ အခြားသော ဘာသာဝင်တို့အား ထိုးနှက်တိုက်ခိုက်သည့် ပုံစံမျိုးမဟုတ်ဘဲ မိမိကိုယ်ကိုယ်သာ ခုခံကာကွယ်သည့် ပုံစံဖြစ်သည့် ဥပဒေ ဖြစ်ပါတယ်။ တစ်စုံတစ်ရာကို ဦးတည်ပြီး ထိုးနှက်ထားတဲ့ အဆိပ်အတောက် မပါရှိတဲ့အတွက် ဘယ်သူ့ကိုမှ အန္တရာယ်အယှက် မဖြစ်တဲ့အပြင် မည်သည့် ပဋိပက္ခကိုမျှလည်း ဖြစ်စေနိုင်မှာ မဟုတ်ပါ။ စွပ်စွဲတားမြစ်ထားချက်များမှာ ရုပ်တိရုပ်တန် ကင်းမဲ့ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့လည်း မကိုက်ညီပါ ပြောသူများအား ဥပဒေပုဒ်မတစ်ခုချင်းကို အပြန်အလှန် လေ့လာဆန်းစစ်သင့်ပါတယ်။ အဖွင့်အပိတ်များနဲ့ လိုလေသေးမရှိအောင် ထောင့်စေ့အောင် ပြဋ္ဌာန်းထားတာကို အသေအချာ လေ့လာရင် တွေ့ရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ထောင်တန်တဲ့စကား ရယ်ပေါ့တယ်လို့ စကားပုံ ရှိပါတယ်။ အခုလည်း အဲဒီလို ဖြစ်နေတာကို တွေ့ရပါတယ်။ စောစောက ကျွန်မ ပြောထားသလိုပဲ ကနေ့ ဖြစ်နေတဲ့ ကမ္ဘာ့မျက်မှောက်အခြေအနေ မြန်မာ့ပစ္စက္ခ အခြေအနေ အကုန်လုံးအကြား ကျွန်မတို့ ရေရှည်ကို မျှော်ကိုးပြီးတော့ ဆောင်ရွက်တော်မူတဲ့ ရဟန်းရှင်လူပြည်သူ အများကို သိမ်ဖျင်းတဲ့ စွပ်စွဲချက်တွေနဲ့ ကန့်ကွက်ထားခြင်းမှာ လွန်စွာ အမြင် ကျဉ်းမြောင်းပြီးတော့ အတွေးအခေါ် အယူအဆ သေးသိမ်ကြောင်းကို သက်သေပြရာ ရောက်ပါတယ်။ မျိုးစောင့်ဥပဒေ တင်သွင်းရေးကို အကြောင်းပြုပြီးတော့ ၂၀၁၅ ရွေးကောက်ပွဲမှာ နိုင်ငံရေး အမြတ်ထုတ်မယ့် အန္တရာယ်ကို ဆိုတာလည်း အင်မတန် သေးသိမ်ပြီးတော့ အတူတူပါပဲ အင်မတန် သေးသိမ် ကျဉ်းမြောင်းတဲ့ ရည်ရွယ်ချက် ဖြစ်တဲ့ ၂၀၁၅ ရွေးကောက်ပွဲအတွက် ဘာသာရေးကို ခုတုံးလုပ်တယ်ဆိုတဲ့ စွပ်စွဲချက်နဲ့ ပုတ်ခတ် စော်ကားခြင်းသာ ဖြစ်ပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲ အောင်နိုင်ရေးတစ်ခုတည်းကိုသာ မိမိတို့ တာဝန်လို့ ယူမှတ်ပြီးတော့ ကမ္ဘာကြီးမှာ ဆောင်ရွက်နေမှုများထဲတွင် ဤဥပဒေကို တောင်းဆိုကြသူများ အတ္တကြီးစွာပါ ကျွန်မ မှားသွားပါတယ်။ ကျွန်မရေးထားတာ သော့ နေတဲ့အတွက်ကြောင့်မို့လို့ ဒါဟာ လိုအပ်တာ ဖြစ်တဲ့အတွက် အရှည်ကို ကြည့်ပြီးတဲ့ အခါကျတော့မှ တိုတိုလေးကို မကြည့်ဘဲနဲ့ ၂၀၁၅ ကိုလည်း မကြည့်ဘဲ (၉၀)ရာခိုင်နှုန်းသော ဘာသာဝင်အပေါင်းကို ကြည့်ပြီးတဲ့အခါကျတော့မှ ကမ္ဘာ့အခြေအနေ၊ မြန်မာ့အခြေအနေ အားလုံးကို ကြည့်ပြီးတော့မှ ကျွန်မတို့ ဒီဟာ အရှည်စဉ်းစားပြီးတော့ ဘုရင့်နောင် ဖောင်ဖျက် (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ နိဂုံးချုပ်မယ်ထင်လို့ မိုက်ပြန်ပေးထားတာ ဆက်သွားနေတာနဲ့ရပ်လိုက်တာ။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကိုးကွယ်ရာဘာသာ ကူးပြောင်းခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်(၁၂)ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

**အချိန်၊ ၁၁း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၀၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၂၇ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၇။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် အတည်ပြုချက် ရယူခြင်း**

**အချိန်၊ ၁၁း၂၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာဆိုင်ရာကော်မတီတွင် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးမိုးမြင့် နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် တို့အား အဖွဲ့ဝင်များအဖြစ် တိုးချဲ့ဖွဲ့စည်းခြင်းကို လွှတ်တော်သို့ တင်ပြပါတယ်။

အမျိုးသားလွှတ်တော် ပြည်သူတို့၏တိုင်ကြားစာ ဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်များ တိုးချဲ့ဖွဲ့စည်းခြင်းကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

လွှတ်တော်က အတည်ပြုတဲ့အတွက် ဦးမိုးမြင့် နှင့် ဦးအောင်ကြည်ညွန့် တို့အား ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်များအဖြစ် တိုးချဲ့ဖွဲ့စည်းခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၊ ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌထံမှ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ သဝဏ်လွှာ ပေးပို့လာခြင်းကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြခြင်း

**အချိန်၊ ၁၁း၂၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မက္ကဆီကို ပြည်ထောင်စုနိုင်ငံ၊ ဆီးနိတ်လွှတ်တော်အနေဖြင့် နှစ်နိုင်ငံလွှတ်တော်များအကြား ဆက်ဆံရေးခိုင်မာစေမည့် ယန္တရားများ ထူထောင်ရေးကိစ္စရပ်များကို အလေးထားဆောင်ရွက်လျက်ရှိရာ (၁) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားလွှတ်တော်နှင့် မက္ကဆီကိုပြည်ထောင်စုနိုင်ငံ၊ ဆီးနိတ်လွှတ်တော်တို့အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီချက်(MoU) လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံ လွှတ်တော်ချင်း ဆက်ဆံရေးတိုးမြှင့်လိုပါကြောင်း၊(၂) မက္ကဆီကိုနိုင်ငံ ဆီးနိတ်လွှတ်တော်ဥက္ကဋ္ဌ H.E Miguel Barbosa Huerta က အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့တဲ့ သဝဏ်လွှာကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပေးပို့လာပါတယ်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားလွှတ်တော်နှင့် မက္ကဆီကို ပြည်ထောင်စုနိုင်ငံ ဆီးနိတ်လွှတ်တော်တို့အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီချက် (MoU) လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံလွှတ်တော်ချင်း ဆက်ဆံရေးတိုးမြှင့်စေမှာ ဖြစ်ပါတယ်။

ဒါကြောင့် နှစ်နိုင်ငံ လွှတ်တော်အကြား သဘောတူညီချက် (MoU) လက်မှတ်ရေးထိုးမည့်ကိစ္စကို လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူဆောင်ရွက်မှာဖြစ်ပါတယ်။

နှစ်နိုင်ငံ လွှတ်တော်များအကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီချက် လက်မှတ် ရေးထိုးမည့်ကိစ္စကို လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသား လွှတ်တော်နှင့် မက္ကဆီကိုပြည်ထောင်စုနိုင်ငံ ဆီးနိတ်လွှတ်တော်တို့အကြား ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရန် သဘောတူညီချက် လက်မှတ်ရေးထိုးမည့်ကိစ္စကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက စံချိန်စံညွှန်း ကိုက်ညီမှုမရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လွှတ်တော်သို့ တင်ပြခြင်း

**အချိန်၊ ၁၁း၃၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်ထောင်စုအစိုးရဘဏ္ဍာရန်ပုံငွေဖြင့် ဆောက်လုပ်သည့် တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၁၃)ဦးတို့က စံချိန်စံညွှန်းကိုက်ညီမှုမရှိသည့် တည်ဆောက်ရေးလုပ်ငန်း(၂၅)ခုကို ဓာတ်ပုံအထောက်အထားများဖြင့် တင်ပြချက်အား နိုင်ငံတော်သမ္မတထံသို့ သဝဏ်လွှာ ပေးပို့ခဲ့ပါတယ်။ ယင်းသဝဏ်လွှာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့က ဆောက်လုပ်ရေး

ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် ခေါင်းဆောင်သော အဖွဲ့ဝင် (၁၆)ဦး ပါဝင်သည့်မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ ယင်းအဖွဲ့က ၃-၁၁-၂၀၁၄ ရက်မှ ၂၄-၁၁-၂၀၁၄ ရက်အထိ မြေပြင်ကွင်းဆင်း စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်နှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့လာပါတယ်။ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်နှင့် အရေးယူဆောင်ရွက်ချက်/ သုံးသပ်ချက်များကို အကျဉ်းချုပ်တင်ပြပါမယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် သက်ဆိုင်သည့်ကိစ္စရပ်(၁)ခုတွင်

ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထွန်းဇော်(ခ)ကိုပေါက် က နတ္တလင်းမြို့နယ်၊ နတ္တလင်း - ဒမငယ် - တောင်ညိုလမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း၌ စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် စပ်လျဉ်း၍ တင်ပြတဲ့ ကိစ္စအပေါ် ကွင်းဆင်း စစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်မှာ -

အပွန်းခံလွှာခင်းခြင်း၊ နိမ့်ကျပျက်စီးနေသော လမ်းပုခုံးများ၊ အမာခံလမ်းပုခုံးများ ပြုလုပ်ဆောင်ရွက်ရန် လိုအပ်ကြောင်းကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

ရွှေလွင်လွင်ကုမ္ပဏီက သဘောမတူသဖြင့် ကုမ္ပဏီအား တရားဥပဒေလမ်းကြောင်းအတိုင်း အရေးယူဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း တင်ပြထားပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် သက်ဆိုင်တဲ့ ကိစ⊞စရပ်များ (၇)ခုမှာ -

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦးရဲ့ တင်ပြချက်(၂)ခု၊

မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝင်းနှင့် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ တို့ရဲ့ တင်ပြချက် (၂)ခုစီ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးငွေရယ် နှင့် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးပိုးရယ်အောင်သိန်း တို့၏ တင်ပြချက်(၁)ခုတို့ ပါဝင်ပါတယ်။

ဦးဇော်နိုင်ဦး ၏ တင်ပြချက်(၂)ခု ဖြစ်တဲ့

(၁) ဘီးလင်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာအုပ်စု တန်ဖိုးနည်း အိမ်ရာဆောက်လုပ်ခြင်း၌ စံချိန်စံညွှန်းမပြည့်မီခြင်းနှင့် စပ်လျဉ်းတဲ့ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ တွေ့ရှိချက်မှာ-

ရေနံချေး (၂)ထပ်သုတ်ရန် ဖြစ်သော်လည်း အပြင်ဘက်သာသုတ်ထားခြင်း၊ အချို့တိုင်များတွင် လက်ယက်သစ်များ၊ ပါးပုတ်သစ်များသုံးထားခြင်း၊ ခြအနည်းငယ်စားထားသည့် သစ်များဖြစ်ခြင်း၊ မူလရုံးချုပ်ပုံစံတွင် ဝါးကြမ်းခင်းသာ ပြထားသော်လည်း (၆ လက်မ x ၁/၂ လက်မ)သစ်ဖြင့် ခင်းထားခြင်း တို့ကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

ကုမ္ပဏီမှ အိမ်(၁၇)လုံးအား လွှဲပြောင်းအပ်နှံခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကော်မတီဖွဲ့စည်း၍ ၂၂-၁၀-၂၀၁၄ ရက်နေ့တွင် နေရာချထားပေးခဲ့ပြီး နေထိုင်သူများမှ ကျေနပ်မှုရှိကြောင်းနှင့် ငွေကြေးတစ်စုံတစ်ရာ မပေးရ၍ စစ်ဆေးချိန်တွင် အိမ်များအားလုံး လူနေထိုင်လျက်ရှိကြောင်း တင်ပြထားပါတယ်။

(၂) ဘီးလင်းမြို့နယ်၊ ဖိုးဝါးသိမ်ကျေးရွာအုပ်စု၊ ညောင်ထောက် ရွာမကွက်သစ်တံတား၌ စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် စပ်လျဉ်းတဲ့ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်မှာ -

သစ်မာအစား အခြားသားသုံးထား၍ သစ်အမျိုးအစားနှင့် သစ်အတိုင်းအတာကွဲလွဲနေခြင်း၊ သစ်အရည်အသွေးညံ့ပြီး ပစ္စည်းအဟောင်းများ ဖာထေးပြုလုပ်ထားခြင်း၊ မိုးသည်းထန်မှုကြောင့် တံတားအပေါ်ထည်မျောပါသွား၍ ရပ်ရွာမှ ပြန်လည်ပြုပြင်ရာ ခိုင်ခံ့မှုမရှိကြောင်း၊ စာရင်းစစ်ရုံး၏ စစ်ဆေးချက်အရ ငွေကျပ် (၁၄၇၇၀၆၀) ပြန်လည်ပေးသွင်းပြီးကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

ရပ်ရွာကပြန်လည်ပြုပြင်ထားသော်လည်း ခိုင်ခံ့မှုမရှိ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြုပြင်ထိန်းသိမ်း ရန်ပုံငွေဖြင့်တံတားကို ပြန်လည်ပြုပြင်သင့်ကြောင်း သုံးသပ်တင်ပြထားပါတယ်။

ဦးတင်ဝင်း ၏ တင်ပြချက်(၂)ခု

(၁) သရက်မြို့နယ်၊ ပုဏ္ဏားကျေးရွာအုပ်စု၊ သရက် - ပါးပွတ် - တုံ - ပုဏ္ဏား မြေသားလမ်းဖောက်လုပ်ခြင်း၌ စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် စပ်လျဉ်းတဲ့ ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ တွေ့ရှိချက်မှာ -

စစ်ဆေးရေးအဖွဲ့ စစ်ဆေးချိန်တွင် လမ်းအရှည် (၂မိုင် x ၁ဖာလုံ) အား ရပ်ရွာဖွံ့ဖြိုးရေးအတွက် အပိုဖောက်လုပ်ထားပေးကြောင်း၊ တုံရွာချောင်းကွင်းလမ်း ဆောင်ရွက်ရန် မြေနေရာမပေးနိုင်ခြင်း ကြောင့် တုံရွာ အတွင်းမှသာ ဖောက်လုပ်ပေးထားရကြောင်း၊ လမ်းဖောက်လုပ်ရာတွင် (၃ ပေ x ၂ ပေ) ရေမြောင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တင်ပြထားသောဓာတ်ပုံမှတ်တမ်း များမှ ချွတ်ယွင်းချက်များ အားလုံးပြင်ဆင်ပြီး ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ရပါတယ်။

အရေးယူဆောင်ရွက်ချက်

ရေမြောင်းဖောက်လုပ်ရန် ကုမ္ပဏီမှ (၁)လအတွင်း အပြီးသတ်ဆောင်ရွက်ပေးရန်နှင့် ရေကားအသုံးမပြုသည့်အတွက် ရေကားဖိုး တောင်းခံထားသော ငွေကျပ်သန်း (၇.၆၃၇၅)ကို စာရင်းစစ်က ပြန်လည်ပေးသွင်းရန် ညွှန်ကြားထား၍ ပြန်လည်ပေးသွင်းပြီး ဖြစ်ပါတယ်။

(၂) အောင်လံ-ကျောက်ပန်းတောင်း-သမ္ဘုလ-ရွှေပန်းတော ကျေးလက်လမ်းမကြီး ပြင်ဆင်ခြင်း၌ စံချိန်စံညွှန်းမပြည့်မီခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ တွေ့ရှိချက်မှာ

ကတ္တရာခင်းခြင်း မိုင်တိုင်(၇/၃မှ၁၀/၁)တွင် (၃)ဖာလုံခန့် ပျက်စီးနေသည်ကိုတွေ့ရှိပါကြောင်း၊ ကတ္တရာအားနည်းခြင်း၊ ကျောက်အပြည့်အဝမခင်းခြင်းတို့ကြောင့်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်သည့် လုပ်ငန်းကြီးကြပ်ရေးအဖွဲ့အား အနီးကပ်ကြီးကြပ်ရန်နှင့် လုပ်ငန်းကြီးကြပ်အဖွဲ့က လက်ခံသည့် စံချိန်စံညွှန်း ရရှိပြီးမှသာ ငွေထုတ်ပေးရန် ညွှန်ကြားခဲ့ပြီး၊ ကတ္တရာလမ်း (၃.၅)ဖာလုံ ပျက်စီးရခြင်းသည် တန်ပိုယာဉ်များ ဖြတ်သန်းခြင်းကြောင့် ဖြစ်သော်လည်း ကုမ္ပဏီတွင် တာဝန်ရှိ၍ ကုမ္ပဏီက ပြန်လည်ပြင်ဆင်လျက်ရှိပြီး (၁)လအတွင်း အပြီးပြင်ဆင်ရန် မှာကြားခဲ့ပါကြောင်း တင်ပြထားပါတယ်။

ဦးလှဆွေ၏ တင်ပြချက်(၂)ခု

(၁) ထီးလင်းမြို့နယ်၊ ဆင်စွယ်-ရေမျက်နီ ကျေးလက်ဒေသဖွံ့ဖြိုးရေး လမ်းမြေသားတိုးချဲ့ခြင်း၌ စံချိန်စံညွှန်းမပြည့်မီခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ တွေ့ရှိချက်မှာ -

၂၀၁၂ - ၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆင်စွယ်-ရေမျက်နီ လမ်းပိုင်းမြေသားလမ်း(၅/၂)မိုင်အား (၁၈ ပေ x ၄ ပေ) ဖောက်လုပ်ခြင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ထီးလင်း-ဆင်စွယ်-ရေမျက်နီ မြေသားလမ်းအား ပြန်လည်ပြင်ဆင်ခဲ့ပြီး တာဘောင်အမြင့် မြှင့်တင်ခြင်း ယာယီ ရေထုတ်ပြွန်နှင့် ရေထုတ်ပြီး ကျောက်ရောမြေ တာဘောင်ဖို့ခြင်းများ ဆောင်ရွက်ခဲ့ခြင်း၊ ယာယီ ရေထုတ်ပြွန်(၈)နေရာ ဆောင်ရွက်ခဲ့ကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်တင်ပြသည့် လမ်းသည် လယ်ကွင်းအောက်နိမ့်၍ ရေဝပ်သောနေရာများကို ယခုအခါမြေသားတာဘောင်တင်ပြီး ယာယီရေထုတ်ပြွန်များ တပ်ဆင်ထားသည်ကို တွေ့ရှိရကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

လွှတ်တော်ကိုယ်စားလှယ်တင်ပြချက်အား စစ်ဆေးရေးအဖွဲ့စစ်ဆေးချိန်တွင် ဆောင်ရွက်ပြီးဖြစ်ကြောင်း တင်ပြထားပါတယ်။

(၂) ထီးလင်းမြို့နယ်၊ ဝါးရင်းချိုင်-ဆင်စွယ်လမ်း ကျောက်ချောလမ်းခင်းခြင်း၌ စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် စပ်လျဉ်းတဲ့ ကိစ္စ

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရေမျက်နီ - ဆင်စွယ် - ထီးလင်း ကျောက်ချောလမ်းခင်းခြင်း (၁၂)မိုင်အား ဆောင်ရွက်လျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ တင်ပြစာပါ အရည်အသွေး စံချိန်မမီသည့် ကျောက်ပုံများလည်း တွေ့ရှိရပါကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

လုပ်ငန်းဆောင်ရွက်မှုအား အနီးကပ်ကြီးကြပ်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးအား တာဝန်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းနှင့် အရည်အသွေးမမီသော ကျောက်ပျော့ကျောက်ညံ့များအား လုံးဝအသုံးမပြုရန်နှင့် အမြန်ဆုံးဖယ်ရှားရန် ကုမ္ပဏီမှ တာဝန်ရှိသူ Project Manager အား မှာကြားခဲ့ပြီး ဖြစ်ကြောင်း တင်ပြထားပါတယ်။

ဦးဌေးရယ် နှင့် ဦးပိုးရယ်အောင်သိန်း တို့၏ တင်ပြချက်

ရှားတောမြို့နယ်၊ မြို့တွင်းလမ်း(၅)ဖာလုံ ကတ္တရာခင်းခြင်း၌ စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် စပ်လျဉ်းတဲ့ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်

ရှားတောမြို့တွင် လမ်း(၅)ဖာလုံခင်းခြင်းနှင့် ပတ်သက်၍ စံချိန်စံညွှန်း ကိုက်ညီမှုမရှိကြောင်း၊ ရှားတောမြို့တွင် (၁၂၈၀)ပေ အနက် (၉၈၅)ပေ ကတ္တရာခင်းခြင်း ပြီးစီး၍ ကျန်ရှိသော (၂၉၅)ပေအား ဦးအောင်ဇေယျလမ်းနှင့် တပင်ရွှေထီးလမ်း ကြားလမ်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဦးအောင်ဇေယျလမ်းအား အခြေခံလွှာနှင့် မျက်နှာပြင်(၇)လက်မထု ဆောင်ရွက်ထားကြောင်း၊ လမ်းပုခုံးကိုတစ်ဖက် (၁)ပေခန့် ဆောင်ရွက်ထားကြောင်း၊ တပင်ရွှေထီးလမ်း ကတ္တရာခင်းရာတွင် ဆောင်ရွက်ရန်ကျန်သော (၃၂၀) ပေအား စိမ့်ဝင်ကတ္တရာအဆင့်ထိ ဆောင်ရွက်ထားကြောင်း၊ အခြေခံလွှာနှင့်မျက်နှာပြင်(၇)လက်မထု ဆောင်ရွက်ထားကြောင်း၊ လမ်းနှစ်လမ်းအတွက် ရေမြောင်းများအကျယ်(၁)ပေ၊ အနက်(၁)ပေဖြင့် (၅၀) ရာခိုင်နှုန်းစီ ဆောင်ရွက်ထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

ဦးအောင်ဇေယျလမ်းနှင့် တပင်ရွှေထီးလမ်းတို့တွင် ကတ္တရာခင်း ပြီးသည့် အပိုင်းများ ကတ္တရာပါးသည့်အတွက် တစ်လွှာထပ်တင်ပေးရန် ကုမ္ပဏီအား မှာကြားခဲ့ ကြောင်း၊ ခင်းထားသည့် ထုမမှန်သော လမ်းပိုင်းကို ထုပြည့်မီအောင် ထပ်မံကျောက်ဖြည့်ရန်နှင့် ကတ္တရာ လမ်းပါး၍ တစ်လွှာ ထပ်မံလောင်းရန် ညွှန်ကြားခဲ့ကြောင်း၊ မပြီးသတ်သေးသော လုပ်ငန်းများကို ဒီဇင်ဘာလ အတွင်း အပြီးလုပ်ရန်နှင့် လုပ်ငန်းအား အနီးကပ် ကြီးကြပ်ကွပ်ကဲရန် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေ အား မှာကြားခဲ့ကြောင်း တင်ပြထားပါတယ်။

ပို့ဆောင်ရေးဝန်ကြီးဌာန နဲ့ သက်ဆိုင်တဲ့ကိစ္စရပ်(၁)ခု

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်ကြီး ၏ မော်လိုက် မြစ်ကမ်းပါးရေကာတာ ဆောက်လုပ်ရာ၌ စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် စပ်လျဉ်းတဲ့ ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်မှာ-

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့ကြောင်း၊ မြေထိန်းနံရံအား ၂၄-၄-၂၀၁၃ မှ စတင်တည်ဆောက်ပြီး ၁၁-၇-၂၀၁၄ တွင် ပြီးစီး၍ (၂)လခန့်အကြာတွင် ပြိုကျပျက်စီးသွားကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

ရေအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူးမှ ပြန်လည်တည်ဆောက်ပေးမည် ဖြစ်ပြီး လုပ်ငန်းတိုးတက်မှုအား မော်လိုက်ခရိုင်အုပ်ချုပ်ရေးမှူးမှ ကြီးကြပ်ရန်နှင့် လုပ်ငန်းတိုးတက် ပြီးစီးမှု ပြန်လည်တင်ပြရန် ညွှန်ကြားခဲ့ကြောင်း တင်ပြထားပါတယ်။

ပညာရေးဝန်ကြီးဌာန နှင့်သက်ဆိုင်သည့်ကိစ္စရပ်များ (၁၃)ခု

ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဖေသောင်း ရဲ့ တင်ပြချက်(၃)ခု၊

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမြင့်ထွန်း ရဲ့ တင်ပြချက် (၁) ခု၊

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဇော်နိုင်ဦး ရဲ့ တင်ပြချက် (၄)ခု

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနိုင်ထွန်းအုံ ရဲ့ တင်ပြချက် (၁)ခု၊

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စိန် ရဲ့ တင်ပြချက် (၁)ခု၊

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ တင်ပြချက် (၁)ခု၊

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတင်ဝင်း နှင့် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တို့ရဲ့ တင်ပြချက် (၁) ခုစီ တို့ ပါဝင်ပါတယ်။

ဦးဖေသောင်း ရဲ့ တင်ပြချက်

(၁) ဟိုပင်စက်ကုန်း အ.ထ.က(ခွဲ) ၌ စံချိန်စံညွှန်း မပြည့်မီ ခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေး အဖွဲ့၏ တွေ့ရှိချက်မှာ

အမှတ်(၂)အခြေခံပညာဦးစီးဌာန၏ ခွင့်ပြုချက်အတိုင်း (၁၂၀ ပေ x ၁၃၀ ပေ) အုတ်ညှပ် (၂)ထပ်ကြမ်းခင်း ဆောက်လုပ်ခဲ့ကြောင်း၊ စံချိန်စံညွှန်း မမီသည့် တိုင်များ၊ သစ်သားကြမ်းခင်းများ အသုံးပြုထားကြောင်း၊ ပင်မစာသင်ခန်းများနှင့် ဝရံတာများ ညွတ်နေကြောင်း တွေ့ရှိရသည်ကို စစ်ဆေးရေးအဖွဲ့ စစ်ဆေးချိန်မှာ အားလုံးလဲလှယ်ပြီးကြောင်း တွေ့ရှိခဲ့ ပါတယ်။

အရေးယူဆောင်ရွက်ချက်

ကုမ္ပဏီမှ ရက်မများအား U Channel ဖြင့် ပိုး၍ တောင့်တင်းအောင် ဆောင်ရွက်ပေးရန် ညွှန်ကြားခဲ့ကြောင်း တင်ပြထားပါတယ်။

(၂) မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ ကုန်းမန အ.လ.က(ခွဲ) ၌ စံချိန်စံညွှန်း မပြည့်မီ ခြင်းနှင့် စပ်လျဉ်းတဲ့ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ တွေ့ရှိချက်မှာ -

စံချိန်စံညွှန်းမမီသည့် မှန်၊ မျက်နှာကျက်၊ သစ်သား၊ ကြမ်းခင်းများဖြင့် တည်ဆောက်ထား ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

ကုမ္ပဏီမှ မှန်၊ မျက်နှာကျက်၊ သစ်သားကြမ်းခင်း ပြန်ရိုက်ပေးရန် ဆောင်ရွက်ပြီးစီးမှုကို ခရိုင်အုပ်ချုပ်ရေးမှူးမှ ကြီးကြပ်ပေးရန် ညွှန်ကြားခဲ့ကြောင်း တင်ပြထားပါတယ်။

(၃) မိုးညှင်းမြို့နယ်၊ အင်းတော်ကြီးဒေသ ပန်းလားအုပ်စု၊ လောဆွန်-မန်ကင်းရွာ အ.မ.က ၌ စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်မှာ-

သတ်မှတ်ထားသည့် အတိုင်းအတာအတိုင်း တည်ဆောက်ထားကြောင်း၊ ထုပ်တန်းအဆက်များကို သစ်သားပိုးပြီး ဆက်ထားခြင်း၊ ဒိုင်း၊ မြှား(၈)ခု အာလိမ်ထည့်ပေးရန်လိုကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

သစ်သားပိုးပြီးဆက်ထားခြင်းကို ဘိုးနပ်ဖြင့်စုပ်ပြီးဆက်ပေးရန်၊ ဒိုင်းမြှားအားလုံးကို အာလိမ်ထည့်ပေးရန်နှင့် လိုအပ်ချက် အားလုံးကို ကုမ္ပဏီမှ ဆောင်ရွက်ပေးရန် ညှိနှိုင်းပေးခဲ့ကြောင်း တင်ပြထားပါတယ်။

ဦးမြင့်ထွန်း ၏ တင်ပြချက်

သာယာဝတီမြို့နယ်၊ ဘီးလင်းအရှေ့စုကျေးရွာ အ.မ.က ၌ စံချိန်စံညွှန်း မပြည့်မီခြင်း နှင့် စပ်လျဉ်းတဲ့ ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ တွေ့ရှိချက်မှာ-

ကြမ်းခင်း၊ အုတ်ခုံလှေကား၊ နံရံကွဲအက်နိမ့်ကျခြင်း၊ အမြင့်(၂)ပေ ပိုဆောက်သော်လည်း ကြမ်းခင်းပေါ်သို့ ရေ(၁)ပေ တက်သွားခြင်းကြောင့် ကြမ်းပြင်ကျွံကျခြင်း ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

အရေးယူဆောင်ရွက်ချက်

ကုမ္ပဏီက Plinth ကို နောက်ထပ်(၁)ပေ ထပ်မြှင့်ရန်နှင့် ကြမ်းခင်းကိုလည်း အသစ်ပြန်လည်ခင်းပေးရန် ကုမ္ပဏီမှ အင်ဂျင်နီယာအား ဝမ်းစာဖြည့်ရာတွင် မြေသားအစား သဲထည့်ရန် ညွှန်ကြားခဲ့ကြောင်း တင်ပြထားပါတယ်။

ဦးဇော်နိုင်ဦး ရဲ့ တင်ပြချက်(၄)ခုဖြစ်တဲ့

(၁) ဘီးလင်းမြို့နယ်၊ ယွန်းဒလင်းကုန်းကျေးရွာအုပ်စု၊ ကကတဲ ( အ.မ.က-လွန်)၌ စံချိန်စံညွှန်း မပြည့်မီခြင် နှင့် စပ်လျဉ်းတဲ့ ကိစ္စ

ဖောင်ဒေးရှင်းလျှော့ထားခြင်း၊ ကြမ်းခင်းနိမ့်နေ၍ ကော်ဇောဖြင့်အုပ်ထားခြင်း၊ တံခါး၊ ကျည်းဘောင်စရွေး မမှန်ခြင်း၊ သံမဏိတိုင် ထူရာတွင် အောက်ခြေ သံဖလက်ပြား၊ ကျင်တွယ်၊ မူလီ၊ ငုတ်များနှင့် ထပ်တူမကျခြင်း၊ ဂဟေဆော်၍ဆောင်ရွက်ထားခြင်း၊ ခန့်မှန်းခြေစာရင်းတွင် မျက်နှာကျက်ဘီတင်(၁၀၀၁.၄၆)ပေဖြစ်ပြီး မြေပြင်တွင်(၂၆၄)ပေသာ တွေ့ရှိရကြောင်း၊ နံရံအမြင့် (၁၂)ပေမှာ (၁၁)ပေသာ တွေ့ရကြောင်း၊ B.Q တွင် Black Board သုံးခု ပါရှိသော်လည်း လုပ်မပေး၍ မိမိအစီအစဉ်ဖြင့် ဆောင်ရွက်ပြီး သင်ကြားနေရကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တင်ပြထားသော ချွတ်ယွင်းချက်

များသည် လုပ်ငန်းကြီးကြပ်ရေး အဖွဲ့စစ်ဆေးချိန်တွင် ပြင်ဆင်ထားပြီးဖြစ်ကြောင်း စစ်ဆေး တွေ့ရှိခဲ့ပါတယ်။

ဘီးလင်းမြို့နယ်၊ ဝင်းကကျေးရွာအုပ်စု၊ ကြာစီအောင် အ.မ.က ၌ စံချိန်စံညွှန်း မပြည့်မီခြင်းနဲ့ စပ်လျဉ်းတဲ့ ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ တွေ့ရှိချက်

(၉၀ပေ x ၃၀ပေ)သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် အဆောက်အအုံ အတွက် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း (၂၄.၆၀) ဖြင့် တည်ဆောက် ခဲ့ကြောင်း၊ စစ်ဆေးချိန်တွင် လုပ်ငန်းအားလုံး (၁၀၀)ရာခိုင်နှုန်း ပြီးစီး ကြောင်း၊ B.P၊ B.Q များလည်း ရရှိပြီးကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

ထောင်စုနှစ်အင်ပါယာကုမ္ပဏီသည် လုပ်ငန်းကို ကိုယ်တိုင်မလုပ်ဘဲ ဆပ်ကန်ထရိုက်ချထားခြင်း၊ စစ်ဆေးခံရန် ပျက်ကွက်ခြင်းတို့ကြောင့် လုပ်ငန်းအပ်နှံရန် ယုံကြည်စိတ်ချရသော ကုမ္ပဏီ မဟုတ်၍ နာမည်ပျက် စာရင်း (Black list) တင်သွင်းသင့်ကြောင်း သုံးသပ်တင်ပြထားပါတယ်။

(၂) ဘီးလင်းမြို့နယ်၊ ရွှေလှေကျေးရွာအုပ်စု အ.ထ.က ရွှေလှေကျောင်း၌ စံချိန်စံညွှန်း မပြည့်မီခြင်း နှင့် စပ်လျဉ်းတဲ့ ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ တွေ့ရှိချက်မှာ-

(၉၀ ပေ x ၃၀ပေ)သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် အဆောက်အအုံ ဖြစ်ပြီး စံချိန်စံညွှန်းနှင့် ပတ်သက်၍ အုတ်နံရံ (၁၂)ပေအမြင့် မဟုတ်ဘဲ (၁၁)ပေ အမြင့်သာရှိကြောင်း၊ သစ်သားဖရိန် နေရာတွင် Aluminium Frame များ အသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

အုတ်နံရံလျော့နည်း (၁)ပေအတွက်တွက်ချက်ပြီး ကုန်ကျငွေ နိုင်ငံတော်သို့ ပြန်လည် ပေးသွင်းရန်နှင့် Revise လုပ်ရန်ရှိလျှင် Revised Estimate ကို ရုံးချုပ်သို့ တင်ပြ၍ ခွင့်ပြုချက် ရယူရန် လိုကြောင်း ညွှန်ကြားခဲ့ကြောင်း တင်ပြထားပါတယ်။

(၃) ဘီးလင်းမြို့နယ်၊ ရွှေလှေကျေးရွာအုပ်စု အ.မ.က ကကတစ်ကျောင်း၌ စံချိန်စံညွှန်း မပြည့်မီခြင်း နှင့် စပ်လျဉ်းသည့် ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ တွေ့ရှိချက်မှာ-

(၆၀ပေ x ၃၀ ပေ) သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် ကျောင်းဆောင်ဖြစ်ကြောင်း၊ စံချိန် စံညွှန်းနှင့် ပတ်သက်၍ Estimate ပါ အတိုင်းအတာ အားလုံးကိုက်ညီကြောင်း၊ မြေပြင်တိုင်းတာ စစ်ဆေးချက် အရ သုံးစွဲသော သစ်များမှန်ကန်မှုရှိကြောင်း၊ ပန်းဆွဲမှာ ဆိုဒ်မှန်ကန်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ ပါတယ်။

အရေးယူဆောင်ရွက်ချက်

ပန်းဆွဲမှာ (၆ လက်မ x ၁ လက်မ)ဖြစ်ပြီး အနန်းပိုသစ်ဖြင့် အသုံးပြုခြင်းဖြစ်၍ ကျွန်း (သို့မဟုတ်) ပျဉ်းကတိုး (၈ လက်မ x ၁ လက်မ) ဖြင့် ပြန်လည်လဲပေးရန် ညွှန်ကြားခဲ့ကြောင်း တင်ပြ ထားပါတယ်။

(၄) ဘီးလင်းမြို့နယ်၊ ရွှေလှေကျေးရွာအုပ်စု အ.မ.က (တပ်မြေ) ကျောင်း ၌ စံချိန်စံညွှန်း မပြည့်မီခြင်း နှင့် စပ်လျဉ်းတဲ့ ကိစ္စအပေါ်

(၉၀ပေ x ၃၀ ပေ) သွပ်မိုး၊ အုတ်ညှပ်(၁)ထပ် အဆောက်အအုံ ဖြစ်ကြောင်း၊ သံပန်းနှင့် ပြတင်းတံခါး မသုံးစွဲဘဲ စကွဲယားသံဇကာ သုံးစွဲခြင်းသည် မူလခွင့်ပြုခန့်မှန်းခြေပါ လုပ်ငန်းအတိုင်း ဖြစ်ပြီး မျက်နှာကျက်သည် မူလ Estimate တွင် မပါဝင်သော လုပ်ငန်းဖြစ်ကြောင်း၊ ဒိုင်း၊ ရက်မ ထမ်းသော တိုင်များရှိ ကျင်တွယ်ငုတ်နှင့် လွဲနေခြင်း ဒိုင်းမထမ်းသော တိုင်၊ သံငုတ်နှင့် ဒိုင်းလွဲနေကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

အရေးယူဆောင်ရွက်ချက်

ဒိုင်း၊ မြှား၊ ထုပ်များကို U Channel များ အသုံးပြု ထားသဖြင့် သံချေးမတက်စေရန်အတွက် ဆေးသုတ် ပေးရန်နှင့် တိုင်၊ ဒိုင်း၊ မြှား အဆက်များကို ဝရိန်ဆော်ပြီး ဆေးသုတ်ပေးရန်၊ သံငုတ်နှင့် ဒိုင်းလွဲနေခြင်းတို့ကြောင့် အဆောက်အဦ၏ (Structure) မထိခိုက်နိုင်ကြောင်း တင်ပြထားပါတယ်။

ဦးနိုင်ထွန်းအုံ ၏ တင်ပြချက်

သံဖြူဇရပ်မြို့နယ်၊ ဒရယ်ဖြူကွင်းကျေးရွာ အ.မ.က ၌ စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စအပေါ် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ရဲ့ တွေ့ရှိချက်

ကျောင်းအဆောက်အအုံအား PAE ၈၀၀ဝိ/- နှုန်းဖြင့် ခွင့်ပြုပေးထားခြင်းဖြစ်ကြောင်း၊ စာသင်ခန်းများ၏ Partition Wall များသည် ခွင့်ပြုပုံစံတွင် မပါဝင်ဘဲ ဆောက်လုပ်ထားကြောင်း၊ ကျောင်း၏ ဒီဇိုင်းသည် အခြေခံပညာ၏ ဒီဇိုင်းမဟုတ်ဘဲ ပြင်ဆင်ဆောက်လုပ်ထားသည်ကို တွေ့ရှိရပါကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

ကျောင်း၏ ဒီဇိုင်းအား Revise ပြုလုပ်ဆောင်ရွက်လိုလျှင် သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက် ရယူရန် လိုကြောင်းနှင့် ကောင်းအောင် လုပ်သည်ဆိုပြီး မူလဒီဇိုင်းမှ သွေဖီဆောက်လုပ်ခြင်းမျိုး မလုပ်ရန် ညွှန်ကြားခဲ့ကြောင်း တင်ပြထားပါတယ်။

ဦးမောင်စိန် ရဲ့ တင်ပြချက်

ရေဖြူမြို့နယ်၊ ပယ(မြောက်)ရွာ အ.မ.က နှင့် ပယ (အနောက်)ရွာ အ.မ.က တိုးချဲ့ဆောင် ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ စံချိန်စံညွှန်းမပြည့်မီခြင်း

ထောင်စုနှစ်အင်ပါယာကုမ္ပဏီက တိုက်ရိုက်ဆောက်လုပ်ခြင်း မဟုတ်ဘဲ ဆပ်ကန်ထရိုက် ဦးအောင်သူဦး က တည်ဆောက်ကြောင်း၊ ဦးအောင်သူဦး က ပြီးပြတ်အောင် ဆောင်ရွက်ခြင်း မရှိဘဲ ထားရစ်ခဲ့ကြောင်း၊ ကျောင်း(၁)ကျောင်းအတွက် ငွေကျပ်သန်း(၇.၂၀)စီအား ထုတ်ယူသွားပြီးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

ထောင်စုနှစ်အင်ပါယာ ကုမ္ပဏီနှင့် ချုပ်ဆိုထားသော စာချုပ်အား ပယ်ဖျက်၍ ဦးကျော်ငွေး နှင့် စာချုပ်အသစ်ချုပ်ဆိုပြီး ဆက်လက်ဆောက်လုပ်ရန် မှာကြားခဲ့ပြီး ထောင်စုနှစ် အင်ပါယာကုမ္ပဏီ သည် လုပ်ငန်းကို ကိုယ်တိုင်မလုပ်ဘဲ ဆပ်ကန်ထရိုက်ချထားခြင်း၊ စစ်ဆေးခံရန် ပျက်ကွက်ခြင်းတို့

ကြောင့် လုပ်ငန်းအပ်နှံရန် ယုံကြည်စိတ်ချရသော ကုမ္ပဏီ မဟုတ်၍ နာမည်ပျက်စာရင်း (Black List) တင်သွင်းသင့်ကြောင်း သုံးသပ် တင်ပြထားပါတယ်။

ဦးခင်မောင်လတ် ၏ တင်ပြချက်

ရသေ့တောင်မြို့နယ်၊ ဆင်ပိုက်ကျေးရွာ အ.မ.က(လွန်)ကျောင်း၌ စံချိန်စံညွှန်း မပြည့်မီခြင်း (၆၀ ပေ x ၃၀ ပေ)(၁)ထပ် စာသင်ကျောင်းဆောင် အပြီးသတ်ဆောက်လုပ်ခြင်းလုပ်ငန်း ဖြစ်ကြောင်း၊ စံချိန်စံညွှန်းနှင့် ပတ်သက်၍ သစ်အမျိုးအစားနှင့် အရွယ်အစားမှာ ခန့်မှန်း ခြေစာရင်းနှင့် ကိုက်ညီမှု ရှိကြောင်း၊ ကျောင်းဆောင်မှ မိုးယိုသည့် နေရာအား ပြုပြင်ပြီး ဖြစ်ကြောင်း၊ စာသင်၍ ရကြောင်း၊ ကုမ္ပဏီမှ ကျောင်းအုပ်ကြီးထံ ၇-၆-၂၀၁၄ ရက်တွင် စနစ်တကျ လွှဲအပ်ထားကြောင်း တွေ့ရှိရပါတယ်။

အရေးယူဆောင်ရွက်ချက်

ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျောင်းအုပ်ကြီးတို့က ကျောင်းနှင့်ပတ်သက်၍ ကျေနပ်မှုရှိကြောင်း၊ သစ်အမျိုးအစားမမှန်၊ အရွယ်အစားမကိုက်သော သစ်သားတန်း အသုံးပြုခြင်း၊ မျက်နှာကျက် ပြိုကျပြီး ကလေးများ အန္တရာယ်ရှိနိုင်ခြင်း၊ မိုးယို၍ စာသင်မရခြင်း စသည့် အကြောင်းအရာများကို စုံစမ်းမေးမြန်း ခြင်းမပြုဘဲ လွှတ်တော်ကိုယ်စားလှယ်မှ တင်ပြထားခြင်း ဖြစ်ကြောင်း သုံးသပ်တင်ပြထားပါတယ်။

ဦးတင်ဝင်း ရဲ့ တင်ပြချက်

သရက်မြို့နယ်၊ တပ်ကျေးရွာ အ.မ.က ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း မိုးယိုနေသော မျက်နှာကျက်များ၊ အက်ကွဲနေသော၊ ရေမြောင်း မပါသော၊ အကာအရံ မလုပ်ရသေးသော စင်္ကြံ၊ ဓားဖြင့် ရွေထားသော ပိတ်မရသော တံခါးမကြီး (၃)ခု၊ မှန်တပ်ဆင်ရန် လိုသော ပြတင်းတံခါးများ၊ အက်ကွဲနေသော မပြီးပြတ်သေးသော အုတ်မြစ်ဖောင်ဒေးရှင်းနှင့် ရေမြောင်း ပြည့်စုံမှုမရှိသော အိမ်သာများ အားလုံး စစ်ဆေးရေးအဖွဲ့ လာရောက်စစ်ဆေးချိန်တွင် ပြန်လည်ပြင်ဆင် ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ တပ် အ.မ.က အပါအဝင် ကျောင်း(၅)ကျောင်းအတွက် စာရင်းစစ် ကန့်ကွက်သည့် ငွေကျပ်(၉၉၅၂၆၀) အား ပေးသွင်းပြီးကြောင်း စစ်ဆေး တွေ့ရှိရပါတယ်။

အရေးယူဆောင်ရွက်ချက်

တပ်ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်၊ သရက်မြို့နယ် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်နှင့် ရပ်မိရပ်ဖများ ကျေနပ်ကြကြောင်း သုံးသပ်တင်ပြထားပါတယ်။

ဦးလှဆွေ ရဲ့ တင်ပြချက်

ဆောမြို့နယ်၊ လောင်းရှည်ကျေးရွာ အ.ထ.က ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်း (၁၄၀ ပေ x ၃၀ ပေ) အုတ်ညှပ်(၂)ထပ်၊ အဆောက်အဦ ဆောက်လုပ်ရန် ခွင့်ပြုခဲ့ကြောင်း၊ မြေပြင်စစ်ဆေးချက်အရ တိုင်ဆက်ရာတွင် မိချောင်းခေါင်းထိုး မူလီစုပ်သပ် ရိုက်နည်းဖြင့် ဆက်ထားခြင်းမရှိကြောင်း၊ လက်ခုပ်လက်ဝါးဆက်နည်း အသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

ပိုမိုခိုင်ခံ့စေရန် တိုင်တစ်တိုင်လျှင် ၆ မူး မူလီနှစ်ဖက်စုပ် ဘိုးတူ(၄)ချောင်းဖြင့် ရှိသမျှ တိုင်အားလုံး အပြင်ကစုပ်၍ ပြန်ဆက်ရန်နှင့် မကွေးတိုင်းဒေသကြီး အင်ဂျင်နီယာမှူးကြီး ဦးကျော်ကျော် အား တာဝန်ပေးအပ်ခဲ့ပြီး လိုအပ်ချက်များကို ကုမ္ပဏီမှ အားလုံးဆောင်ရွက်ပေးရန် ပြောကြားခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာန နှင့်သက်ဆိုင်တဲ့ ကိစ္စရပ်များ (၃)ခု

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးညွန့်လှိုင် ရဲ့ တင်ပြချက် (၁)ခု၊

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဆလိုင်းခွဲယန် ရဲ့ တင်ပြချက် (၁)ခု၊

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ တင်ပြချက် (၁)ခု တို့ ဖြစ်ပါတယ်။

ဦးညွန့်လှိုင် ၏ တင်ပြချက်

ဇလွန်မြို့ ကော့ကပ်တိုက်နယ်ဆေးရုံ ၌ စံချိန်စံညွှန်း မပြည့်မီခြင်း နှင့် စပ်လျဉ်းတဲ့ကိစ္စ

ကျည်းဘောင်တပ်ဆင်ရာတွင် ကျောက်ထုတ်မလောင်းခြင်း၊ ကျည်းခွေထိန်း၊ Bracket မပါဘဲ အုတ်စီထားခြင်း၊ မျက်နှာကျက်များကို သံချောင်းအသုံးမပြုဘဲ သွပ်ကြိုးဖြင့် ပြုလုပ်ထားခြင်း၊ ဒိုင်းမြှားတွင် သစ်သားအဆက်များဖြင့် သုံးထားခြင်းများကို ကုမ္ပဏီမှ အုတ်ရိုးကို Hard Core မပါဘဲ စီထားခြင်း လုပ်ငန်းမှအပ ကျန်လုပ်ငန်းများ ပြန်လည်ပြုပြင် ပြီးစီးခြင်းကို တွေ့ရကြောင်း၊ လုပ်ငန်း (၈၀)ရာခိုင်နှုန်း ပြီးစီးမှ အောက်ခြေ ဖောင်ဒေးရှင်တွင် အုတ်ကျိုးမထည့်ဘဲ သဲဖြူး၍ တည်ဆောက်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

ကျေးရွာအုပ်ချုပ်ရေးမှူးက ဖောင်ဒေးရှင်းတွင် ခဲကျိုးထည့်ပေးရန် တင်ပြခြင်းအား ကုမ္ပဏီ ပိုင်ရှင်မှ ဆောင်ရွက်ပေးရန်နှင့် အုတ်ကျိုးကို Hard Core ရအောင် Under Pinning ပြုလုပ်ရန် ညွှန်ကြားခဲ့ပါတယ်။

ဦးဆလိုင်းခွဲယန် ၏ တင်ပြချက်

ပလက်ဝမြို့နယ်၊ ကြက်မအိုင်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) နှင့် တိုင်ဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ) တို့၌ စံချိန်စံညွှန်း မပြည့်မီခြင်း နှင့် စပ်လျဉ်းသည့်ကိစ္စအပေါ် စံချိန်စံညွှန်းနှင့် ပတ်သက်၍ BQ များတွင် ပါဝင်သော Footing ၊ Plinth Beam၊ Roof Beam မရှိကြောင်း၊ သတ်မှတ်စံချိန်စံညွှန်းနှင့် မပြည့်စုံခြင်း အဆောက်အအုံ အရည်အသွေး ညံ့ဖျင်းကြောင်း စစ်ဆေးတွေ့ရှိရပါတယ်။

အရေးယူဆောင်ရွက်ချက်

ကမ္ဘာ့ဘုရင်ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆို၍ လုပ်ငန်းအပ်နှံခဲ့သော ချင်းပြည်နယ်အစိုးရကိုယ်စားလှယ်က ကုမ္ပဏီအား ခေါ်ယူပြီး စံချိန်စံညွှန်းမီအောင် အသစ်ပြန်လည် တည်ဆောက်ပေးရန်နှင့် ပျက်ကွက်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း တင်ပြထားပါတယ်။

မှတ်ချက်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၃-၁-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ၂၄/၄၃၇(၂၀-အမသ)/အဖရ (၂၀၁၅) ဖြင့် ပလက်ဝမြို့နယ်၊ တိုင်ဝကျေးရွာနှင့် ကြက်မအိုင်ကျေးရွာရှိ ကျေးလက်ကျန်းမာရေး အဆောက်အအုံများ ဆောက်လုပ်ရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှု မရှိသဖြင့် တာဝန်ယူဆောက်လုပ်သော ကမ္ဘာ့ဘုရင် အပြည်ပြည်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီမှ ဆောက်လုပ်ခြင်းအတွက် ထုတ်ယူငွေ စုစုပေါင်း ငွေကျပ်(၁၀၅၆)သိန်း အား ပြည်နယ်ကျန်းမာရေး ဦးစီးဌာနသို့ ပြန်လည်ပေးသွင်းကြောင်း အမျိုးသားလွှတ်တော်ရုံးသို့ ပေးပို့ထားပါတယ်။

ဦးလှဆွေ ရဲ့ တင်ပြချက်

ထီးလင်းမြို့နယ်၊ ဆင်စွယ်ကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်ခြင်း၌ စံချိန်စံညွှန်း မပြည့်မီခြင်း၊

မြင့်မိုရ်စံထားကုမ္ပဏီနှင့် လုပ်ငန်း(၁၂)မျိုးအတွက် လုပ်ငန်းတန်ဖိုးငွေကျပ်သန်း (၁၂၀.၀၀) ဖြင့် ၂၃-၉-၂၀၁၄ ရက်တွင် စာချုပ်ချုပ်ဆိုခဲ့ကြောင်း၊ ဖောင်ဒေးရှင်းအား အနက်(၂)ပေ ရရှိအောင် တူးထားပြီး ဂိတ်တံတားအတွက် အနက်(၂ ပေ x ၆ လက်မ)ဖြင့် အုတ်ရိုးစီအုတ်မြစ်ချ ဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ် တင်ပြသော ဖောင်ဒေးရှင်း (၁)ပေသာ တူးသော လုပ်ငန်းသည် အဆောက်အအုံလုပ်ငန်း မဟုတ်ဘဲ ခြံစည်းရိုးကာရံခြင်း လုပ်ငန်းသာဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့ပါတယ်။

အရေးယူဆောင်ရွက်ချက်

လုပ်ငန်းဆောင်ရွက်မှုအား အနီးကပ်ကြီးကြပ်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးအား တာဝန်ပေးအပ်ခဲ့ပါကြောင်း တင်ပြထားပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(၁၃)ဦးတို့ရဲ့ စံချိန်စံညွှန်းကိုက်ညီမှုမရှိသည့် တည်ဆောက်ရေးလုပ်ငန်း (၂၅)ခုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ မြေပြင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ စစ်ဆေးတွေ့ရှိချက်နှင့် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် အဌမနေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် နဝမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၅၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၁း၅၁ နာရီအချိန်တွင် ရပ်နားပါသည်။]